# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အား လေ့လာတင်ပြခြင်း

တင်ပြသူ

ဦးအောင်စည်သူ

ဒုတိယညွှန်ကြားရေးမှူး

ပစ္စည်းထောက်ပံ့ဌာနခွဲ

၂၀၂၃ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့

# မာတိကာ


နိဒါန်း ၄

၁။ နိုင်ငံ၏ ပထဝီအနေအထား ၅

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာသမိုင်း ၆

၂.၁။ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေ(၁၉၃၅ ခုနှစ်) ၈

၂.၂။ ဗမာနိုင်ငံတော်အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေ(၁၉၄၃ ခုနှစ်) ၉

၂.၃။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၄၇ ခုနှစ်)

၂.၃.၁။ အောင်ဆန်းအက်တလီစာချုပ် ၁၁

၂.၃.၂။ ပင်လုံစာချုပ် ၁၁

၂.၃.၃။ နုအက်တလီစာချုပ် ၁၃

၂.၃.၄။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၄၇ ခုနှစ်) ၁၄

၂.၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၁၉၇၄ ခုနှစ်) ၁၄

၂.၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ၁၅

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ အာဏာပိုင်းခြားခွဲဝေကျင့်သုံးမှု ၁၇

၃.၁။ နိုင်ငံတော်တည်ဆောက်ပုံ ၁၇

၃.၂။ အာဏာခွဲဝေကျင့်သုံးမှု ၁၇

၃.၂.၁။ ဥပဒေပြုရေးအာဏာခွဲဝေကျင့်သုံးမှု ၁၈

၃.၂.၂။ အုပ်ချုပ်ရေးအာဏာခွဲဝေကျင့်သုံးမှု ၁၉

၃.၂.၃။ တရားစီရင်ရေးအာဏာခွဲဝေကျင့်သုံးမှု ၂၀

၃.၃။ အာဏာပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းမှုပြုခြင်း ၂၂

၃.၃.၁။ ဥပဒေပြုရေးကဏ္ဍမှ အုပ်ချုပ်ရေးကဏ္ဍအပေါ် အာဏာထိန်းကျောင်းမှု ၂၃

၃.၃.၂။ ဥပဒေပြုရေးကဏ္ဍမှ တရားစီရင်ရေးကဏ္ဍအပေါ် အာဏာထိန်းကျောင်းမှု ၂၅

၃.၃.၃။ အုပ်ချုပ်ရေးကဏ္ဍမှ ဥပဒေပြုရေးကဏ္ဍအပေါ် အာဏာထိန်းကျောင်းမှု ၂၅

၃.၃.၄။ အုပ်ချုပ်ရေးကဏ္ဍမှ တရားစီရင်ရေးကဏ္ဍအပေါ် အာဏာထိန်းကျောင်းမှု ၂၇

၃.၃.၅။ အပြန်အလှန်အာဏာထိန်းကျောင်းမှုတွင်အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ အခန်းကဏ္ဍ ၂၈

၃.၃.၆။ တရားစီရင်ရေးကဏ္ဍမှ ဥပဒေပြုရေးကဏ္ဍအပေါ် အာဏာထိန်းကျောင်းမှု ၂၈

၃.၃.၇။ တရားစီရင်ရေးအဖွဲ့မှ အုပ်ချုပ်ရေးအဖွဲ့အပေါ် အာဏာထိန်းကျောင်းမှု ၂၉

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အား ဖက်ဒရယ်လက္ခဏာရပ်များဖြင့် လေ့လာ ဆန်းစစ်ခြင်း ၃၀

၄.၁။ ဖက်ဒရယ်စနစ်၏ သွင်ပြင်လက္ခဏာများ ၃၀

၄.၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ဖက်ဒရယ်စနစ်ဆိုင်ရာ လက္ခဏာရပ်များ ၃၁

၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏အခန်းကဏ္ဍ ၃၃

၅.၁။ ဖွဲ့စည်းခြင်း ၃၄

၅.၂။ စီရင်ပိုင်ခွင့် ၃၅

၅.၃။ တင်သွင်းခွင့်ရှိသူများ ၃၅

၅.၄။ ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု ၃၆

၅.၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအမှုများကိုလေ့လာခြင်း ၃၆

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း ၃၇

နိဂုံး ၃၈

ကိုးကားသည့်စာရွက်စာတမ်းများ ၄၀

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်လျက်ရှိသော အစဉ်အလာကြီးမားသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ အနော်ရထာမင်းသည် ပထမမြန်မာနိုင်ငံတော်ဖြစ်သည့် ပုဂံပြည်ကို(၁၀၄၄–၁၂၈၇)အထိလည်းကောင်း၊ ဘုရင့်နောင်မင်းတရားကြီးသည် ဒုတိယမြန်မာနိုင်ငံတော်ဖြစ်သည့် ဟံသာဝတီပြည်ကို (၁၅၅၀–၁၇၅၂)အထိလည်းကောင်း၊ အလောင်းမင်းတရားကြီးသည် တတိယမြန်မာနိုင်ငံဖြစ်သည့် ကုန်းဘောင်ခေတ်ကို (၁၇၅၂–၁၈၈၅) အထိလည်းကောင်း ရာဇသတ်၊ ဓမ္မသတ်၊ ဖြတ်ထုံးများကိုကျင့်သုံး၍ တိုင်းပြည်ကို အုပ်ချုပ်ခဲ့ပါသည်။

ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်မှုကြောင့် ၁၈၈၅ ခုနှစ်တွင် လွတ်လပ်ရေးဆုံးရှုံး၍ သူ့ကျွန်ဘဝ ကျရောက်ခဲ့ပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပါသည်။ ၁၈၈၆ မှ ၁၉၄၂ အထိ ကာလကို ဗြိတိသျှအစိုးရတို့က အုပ်ချုပ်ခဲ့ပြီး ၁–၄–၁၉၃၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေ(the Government of Burma Act) ကျင့်သုံးခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တို့၏အကူအညီဖြင့် မြန်မာတစ်နိုင်ငံလုံးအား ပြန်လည်သိမ်းပိုက်ခဲ့ရာမှ အစပြု၍ ၁၉၄၂ မှ ၁၉၄၅ အထိကာလကို ဖက်ဆစ်ဂျပန်တို့၏ အုပ်ချုပ်မှုကို ခံခဲ့ရပါသည်။ အဆိုပါကာလတွင် ဗမာ နိုင်ငံတော်အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေ (၁၉၄၃ ခုနှစ်)ကို ကျင့်သုံးဆောင်ရွက်ခဲ့ပါသည်။ ၎င်းနောက် ၁၉၄၅ မှ ၁၉၄၈ အထိကို ဗြိတိသျှအစိုးရတို့က ပြန်လည်အုပ်ချုပ်ခဲ့ပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် မြန်မာနိုင်ငံသည် အင်္ဂလိပ်တို့ထံမှ လွတ်လပ်ရေး ရရှိခဲ့ပါသည်။

လွတ်လပ်ရေးရရှိပြီးနောက် “၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ” အရ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးကာ နိုင်ငံကို ဖဆပလအစိုးရက ၄–၁–၁၉၄၈ မှ ၂၇–၁၀–၁၉၅၈ အထိ အုပ်ချုပ်ခဲ့ပါသည်။ ၂၈–၁၀–၁၉၅၈ မှ ၃–၄–၁၉၆၀ အထိကာလကို အိမ်စောင့်အစိုးရကလည်းကောင်း၊ ၄–၄–၁၉၆၀ မှ ၁–၃–၁၉၆၂ အထိကာလကို ပြည်ထောင်စုအစိုးရကလည်းကောင်း၊ ၂–၃–၁၉၆၂ မှ ၁–၃–၁၉၄၇ အထိကာလကို တော်လှန်ရေးကောင်စီအစိုးရကလည်းကောင်း အုပ်ချုပ်ခဲ့ပါသည်။

၁၉၇၄ ခုနှစ်တွင် ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီး တစ်ပါတီစနစ်ကို ကျင့်သုံးကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ၂–၃–၁၉၇၄ မှ ၁၇–၉–၁၉၈၈ အထိ နိုင်ငံကို ဖွဲ့စည်းအုပ်ချုပ်ခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၈–၉–၁၉၈၈ မှ ၁၄–၁၁–

၁၉၉၇ အထိလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၁၅-၁၁-၁၉၉၇ မှ ၃၁-၃-၂၀၁၁ အထိလည်းကောင်း အုပ်ချုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသည့် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ၁-၄-၂၀၁၁ မှ ယနေ့ကာလအထိ ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။

ဤစာတမ်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ နိုင်ငံတော်အာဏာကို ခွဲဝေကျင့်သုံးမှု၊ အပြန်အလှန် ထိန်းကျောင်းမှုတို့နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ကမ္ဘာပေါ်ရှိ ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းဆိုင်ရာ ယေဘုယျလက္ခဏာရပ်များနှင့် နှိုင်းယှဉ်၍ လေ့လာတင်ပြထားပါသည်။

## ၁။ နိုင်ငံ၏ ပထဝီအနေအထား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် တည်ရှိပြီး မြောက်ဘက်နှင့်အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကပ္ပလီပင်လယ်နှင့် အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံ၊ အနောက်မြောက်ဘက်ထိနယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။ ဧရိယာစတုရန်းကီလိုမီတာ ၆၇၆,၅၇၈ ကျယ်ဝန်းလျက်ရှိပြီး[၁] အရှေ့တောင်အာရှနိုင်ငံများအနက် ဒုတိယအကျယ်ဝန်းဆုံးနိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။ နိုင်ငံတွင် လူဦးရေ ၅၅.၈ သန်းခန့်နေထိုင်လျက်ရှိပြီး လူဦးရေ၏ ၈၅ ရာခိုင်နှုန်းအထက်သည် ဗုဒ္ဓဘာသာ၊ ၅ ရာခိုင်နှုန်းခန့်သည် ခရစ်ယာန်ဘာသာ၊ ၈ ရာခိုင်နှုန်းခန့်သည် အစ္စလာမ်ဘာသာ၊ ၀.၅ ရာခိုင်နှုန်းခန့်သည် ဟိန္ဒူဘာသာနှင့် ၁.၂ ရာခိုင်နှုန်းသည် နတ်ကိုးကွယ်ယုံကြည်မှုများ(animism)ကို ကိုးကွယ် ယုံကြည်လျက်ရှိကြပါသည်။

မြန်မာနိုင်ငံအောက်ပိုင်း၌ ကမ်းရိုးတန်းဒေသများဖြစ်ကြပြီး ကုန်းတွင်းပိုင်းဒေသသည် မြန်မာနိုင်ငံအထက်ပိုင်းဒေသဖြစ်ပါသည်။ တောင်တန်းများနှင့် ဧရာဝတီမြစ်ဝှမ်းတို့သည် မြန်မာနိုင်ငံ၏ ထင်ရှားသော မြေမျက်နှာသွင်ပြင်များ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ မြောက်ဘက်ပိုင်းရှိ တောင်တန်းများအနက် ခါကာဘိုရာဇီတောင်သည် အရှေ့တောင်အာရှတွင် အမြင့်ဆုံးဖြစ်ပြီး

[၁] ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန်အတွဲ(၂)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး(၂၀၂၁)၊ စာ ၃၂၅။

၁၉၂၉၆ ပေ ရှည်လျားသည်။ မြန်မာနိုင်ငံ၏ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းများသည် တောင်ထူထပ်ပြီး ကျွန်းများနှင့် သဘာဝဆိပ်ကမ်းများလည်း တည်ရှိပါသည်။[၂]




## ၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာသမိုင်း

ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော အနော်ရထာမင်းသည် ပြည်တွင်းစည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့သည့်အတွက် ကြီးကျယ်သော ပုဂံပြည်(၁၀၄၄–၁၂၈၇)ကို တည်ထောင်နိုင်ခဲ့ပါသည်။ အနော်ရထာမင်းသည် သုဝဏ္ဏဘူမိ၏ ထုံးတမ်းစဉ်လာအရ တိုင်းပြည်ကို အုပ်ချုပ်ခဲ့ပြီး မွန်လူမျိုးဆရာတော် ရှင်အရဟံ၏ ဩဝါဒနှင့် မနူဟာ၏ နည်းနာကို ခံယူ၍ အခြားတိုင်းရင်းသားအသီးသီးတို့အား ၎င်းတို့ဒေသကို ၎င်းတို့ကိုယ်တိုင် အုပ်ချုပ်စေပြီး ပုဂံထီးနန်းအောက်သိမ်းသွင်းအုပ်ချုပ်ကာ သာယာဝပြောသောတိုင်းပြည်

[၂] https://myanmar.gov.mm/my/geography

တစ်ခုအဖြစ် ထူထောင်နိုင်ခဲ့ပါသည်။ အနော်ရထာမင်းလက်ထက်တွင် မွန်ရဟန်းတော်သည် ပိဋကတ်တော်ကို ကိုးကားထားသော ဓမ္မဝိလာသဓမ္မသတ်ကို ပြုစုခဲ့သည်။ ၎င်းခေတ်တွင် ဘုရင်၊ လွှတ်တော်နှင့် မြို့စား၊ နယ်စားများဖြင့် တိုင်းပြည်ကို အုပ်ချုပ်ခဲ့သည်။ ဘုရင်သည် အချုပ်အခြာအာဏာပိုင်ဖြစ်ပြီး လွှတ်တော်သည် ဘုရင်ကိုအကြံပေးရန်၊ တိုင်းပြည်ကိုစီမံရန် တာဝန်ယူရသည်။ ပုဂံပြည်သည် နှစ်ပေါင်းနှစ်ရာကျော် စည်ပင်ခဲ့ပြီး နရသီဟပတေ့ မင်းလက်ထက်(၁၂၈၅–၁၂၈၇)တွင် တိုင်းပြည်စည်းလုံးမှု ကျဆင်းလာကာ တရုတ်တို့၏ ကျူးကျော်စစ်ကို တွန်လှန်ခြင်းမပြုနိုင်ဘဲ တိုင်းပြည်ပျက်သုန်းခဲ့သည်။

ဒုတိယမြန်မာနိုင်ငံတော်ဖြစ်သော ဟံသာဝတီပြည်(၁၅၅၀–၁၇၅၂)ကို ဘုရင်နောင်မင်းတရားကြီးက တည်ထောင်ခဲ့ပြီး မွန်တို့၏ ထုံးတမ်းစဉ်လာ ဥပဒေအရ တိုင်းပြည်ကို အုပ်ချုပ်ကာ အရှေ့တောင်အာရှတွင် အကြီးဆုံးအင်ပါယာအဖြစ် တည်ထောင်နိုင်ခဲ့သည်။ သို့သော်လည်း မင်းဆက်တစ်ဆက်သာ ကြာမြင့်ခဲ့ပြီး တိုင်းပြည်သည် စုစည်းမှု ပြိုကွဲခဲ့သည်။

တတိယမြန်မာနိုင်ငံတော်ဖြစ်သော ကုန်းဘောင်ခေတ်(၁၇၅၂–၁၈၈၅)ကို အလောင်းမင်းတရားက တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၁၃၃ နှစ်ကြာရှည်ခဲ့သည်။ အလောင်းမင်းတရားမှ သီပေါမင်းအထိ ကုန်းဘောင်မင်းဆက် (၁၁) ဆက်ဖြင့် အုပ်စိုးခဲ့ပြီး ဗြိတိသျှ၊ ပြင်သစ်၊ ပေါ်တူဂီ စသည့်တို့နှင့် ဆက်သွယ်မှုများရှိလာခဲ့သည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်– မြန်မာပထမစစ်ပွဲ၊ ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲ၊ သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲ ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံတစ်ခုလုံးသည် အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့သည်။[၃]

၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို ဗြိတိသျှဘုရင်မ၏ ပိုင်နက်နယ်မြေအဖြစ် သွတ်သွင်းခဲ့ပြီး ဗြိတိအိန္ဒိယ(British India)ကိုလိုနီနယ်မြေအဖြစ် အိန္ဒိယဘုရင်ခံ၏ လက်အောက်တွင်အုပ်ချုပ်ခဲ့သည်။ မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်းသို့ သွတ်သွင်းလိုက်ကြောင်း ကြေညာခဲ့သည်နှင့်တစ်ပြိုင်နက် တိုင်းတစ်ပါးကျွန်အဖြစ် လက်မခံလိုကြသော မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးသည် ရရာလက်နက်စွဲကိုင်၍တော်လှန်ခဲ့ကြသည်။ ၁၉ ရာစုအကုန် ၂၀ ရာစုအစပိုင်းတွင် မြန်မာနိုင်ငံ၌ ခေတ်ပညာတတ်လူငယ်များ ပေါ်ပေါက်လာခဲ့ပြီး နိုင်ငံရေးလှုပ်ရှားမှုများကို စတင်ခဲ့သည်။

၁၉၃၀ ပြည့်နှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ဆိုင်မွန်ကော်မရှင်အစီရင်ခံစာ ပေါ်ထွက်လာခဲ့ပြီး မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်၍ သီးသန့်အုပ်ချုပ်ရေးပေးရန် ဖော်ပြထားသည်။

---

[၃] နိုင်အောင်လင်း၊ မြန်မာနိုင်ငံခေတ်မီတိုးတက်ဖွံ့ဖြိုးမှု၏ စိန်ခေါ်ချက်များနှင့် အခွင့်အလမ်းများ၊ မိုးမြင့်ကြယ်စာပေ (၂၀၁၃)၊ စာ ၈–၉။

အင်္ဂလိပ်တို့သည် ၁၉၃၀–၁၉၃၁ ခုနှစ်တွင် ခွဲရေးတွဲရေးကို ဆွေးနွေးရန် လန်ဒန်မြို့၌ မျက်နှာစုံညီ အစည်းအဝေးပွဲများ ကျင်းပခဲ့သည်။ ၁၉၃၂ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် ခွဲရေးတွဲရေးကိစ္စကို အဓိကထားခဲ့သည်။ ထိုရွေးကောက်ပွဲတွင် တွဲရေးဖက်မှ အနိုင်ရရှိခဲ့သော်လည်း အင်္ဂလိပ်တို့သည် မူလကတည်းကခွဲရန် ဆုံးဖြတ်ထားသောကြောင့် ၁၉၃၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံ၏ ပြည်နယ်(province) တစ်ခုအဖြစ် (၅၁)နှစ်ကြာ အုပ်ချုပ်ခဲ့ခြင်းကို ပြီးဆုံးစေ၍ အိန္ဒိယနိုင်ငံအောက်မှ ခွဲထုတ်ခဲ့ပြီး အုပ်ချုပ်ရေး အသစ်ပေးခဲ့သည်။

## ၂.၁။ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေ(၁၉၃၅ ခုနှစ်)

၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေ(the Government of Burma Act )သည် ဗြိတိသျှအင်ပါယာပါလီမန်က ပြဋ္ဌာန်းခဲ့သော အက်ဥပဒေတစ်ခုဖြစ်ပြီး ၁၉၃၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် အာဏာသက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံကို အိန္ဒိယမှခွဲထုတ်လျက် အထက်အောက်လွှတ်တော်နှစ်ရပ်နှင့် မြန်မာဝန်ကြီးအဖွဲ့ ဖွဲ့စည်းပေးပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့အစည်းများကို တည်ထောင်ပေးခြင်းဖြစ်သည်။ ဒိုင်အာခီ (ဒွိအုပ်ချုပ်ရေး)ဟုခေါ်သော ယင်းစနစ်တွင် မြန်မာဝန်ကြီးများသည် ပါလီမန်ထံ တာဝန်ခံရပြီး ပြည်တွင်းရေးကိစ္စရပ်အများစုအတွက် ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်ခွင့်ရှိပါသည်။ နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ လုံခြုံရေးနှင့် နယ်ခြားဒေသ(Frontier Area)များကိုမူ ဗြိတိသျှအုပ်ချုပ်ရေးမှူး (Governor)၏ ထိန်းချုပ်မှုအောက်တွင် ဆက်လက်ထားရှိပါသည်။

၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေ(the Government of Burma Act)သည် ဖက်ဒရယ်စနစ်ကို တည်ထောင်ခြင်း မပြုသော်လည်း မြန်မာပြည်မ (Ministerial Burma)နှင့် နယ်ခြားဒေသ(Frontier Area)များဟု ခွဲခြားထားပါသည်။ မြန်မာပြည်မမှာ ဗမာလူမျိုးအများစုဖြစ်သော နယ်မြေဒေသများဖြစ်ပြီး နယ်ခြားဒေသများမှာ ဗြိတိသျှအုပ်ချုပ်ရေးမှူး၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင်ရှိသော နယ်မြေများဖြစ်ပါသည်။ ယင်းအုပ်ချုပ်မှုမှာများသောအားဖြင့် အသေးစိတ်စီမံအုပ်ချုပ်ခြင်းမဟုတ်ဘဲ နယ်မြေခံအုပ်ချုပ်သူ အလွှာများက ဓလေ့ထုံးတမ်းဥပဒေကို ကျင့်သုံးကြခြင်းဖြစ်ပါသည်။

၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေ(the Government of Burma Act)အရ မြန်မာပြည်မနှင့်နယ်ခြားဒေသများကို ခွဲခြားခဲ့ခြင်းကြောင့် ဘက်မညီသော အုပ်ချုပ်စုဖွဲ့မှုပုံစံ ဖြစ်ပေါ်လာခဲ့ပြီး နိုင်ငံအတွင်း နယ်မြေအသီးသီးတွင် အစိုးရနှင့် ထိတွေ့ ဆက်ဆံမှုအတွေ့အကြုံ၊ ပြည်သူလူထုနှင့် နိုင်ငံတော်အကြားဆက်ဆံရေးများမှာ များစွာကွဲပြား

ခြားနားခဲ့ပါသည်။ ပြည်မနှင့် နယ်ခြားခွဲခြားမှုမှပင် နိုင်ငံမှခွဲထွက်ရေးအယူအဆ ပေါ်ပေါက်လာခြင်းဖြစ်သည်။

၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေ(the Government of Burma Act)တွင် စစ်မှန်သောဒီမိုကရေစီနည်းကျအပိုင်းများ ပါရှိသော်လည်း ဗြိတိသျှအုပ်ချုပ်ရေးမှူးက ဆက်လက်ရယူထားမည့် လုပ်ပိုင်ခွင့်အာဏာအများအပြား သတ်မှတ်ထားပြီး ဗြိတိသျှအုပ်ချုပ်ရေးမှူးသည် နိုင်ငံရေးစနစ်အတွင်း သြဇာသက်ရောက်ခြင်း၊ ကြားဝင်ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ပါသည်။ မူအားဖြင့် "ငြိမ်းချမ်းရေး၊ ငြိမ်ဝပ်ပိပြားရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေး"ကို အားပေးမြှင့်တင်ရန် အာဏာများပေးအပ်ထားသော်လည်း လက်တွေ့တွင်မူ ဗြိတိသျှစီးပွားရေးနှင့် မဟာဗျူဟာအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန် ယင်းအာဏာများကို အသုံးပြုခဲ့ပါသည်။[၆]

## ၂.၂။ ဗမာနိုင်ငံတော်အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေ(၁၉၄၃ ခုနှစ်)

ဒုတိယကမ္ဘာစစ်အတွင်း၌ ဗိုလ်ချုပ်အောင်ဆန်း၏ ဗြိတိသျှဆန့်ကျင်ရေး ဗမာ့လွတ်လပ်ရေးတပ်မတော်(B.I.A)သည် ဂျပန်စစ်တပ်များနှင့်ပူးပေါင်းကာ အင်္ဂလိပ်အစိုးရအား တော်လှန်တိုက်ထုတ်ပြီးနောက် ဂျပန်တို့သည် မြန်မာနိုင်ငံအား စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့သည်။ ၁၉၄၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်စစ်သေနာပတိ ဗိုလ်ချုပ်ကြီးအီဒါက "မြန်မာပြည်အစိုးရအဖွဲ့"ကို ဖွဲ့စည်းခဲ့သည်။ ဂျပန်စစ်သေနာပတိနှင့် စစ်အုပ်ချုပ်ရေးအောက်တွင် မြန်မာတို့က ဥပဒေပြုပိုင်ခွင့် မရှိခဲ့ပေ။[၇] ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်တွင် ဂျပန်ဝန်ကြီးချုပ်တိုကျိုက ဂျပန်ဒိုင်ယက်လွှတ်တော်၌ မြန်မာပြည်လွတ်လပ်ရေးကို တစ်နှစ်အတွင်းပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ၁၉၄၃ ခုနှစ်၊ မတ် ၁၁ ရက်နေ့တွင် ဒေါက်တာဘမော်၊ သခင်မြ၊ ဒေါက်တာ သိမ်းမောင်၊ ဗိုလ်ချုပ်အောင်ဆန်းတို့ကို ခေါ်ယူ၍ ဂျပန်အစိုးရနှင့်ဆွေးနွေးခဲ့ပြီးနောက် ၁၉၄၃ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ဗမာပြည်လွတ်လပ်ရေး စီစဉ်မှုအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါ လွတ်လပ်ရေးစီစဉ်မှုအဖွဲ့သည် ဂျပန်အကြံပေးအရာရှိ စစ်ဗိုလ်ချုပ်ကြီး အီဆိုမူယာ၏ လမ်းညွှန်ချက်ဖြင့် ဗမာနိုင်ငံတော်အုပ်ချုပ်ရေး စည်းမျဉ်းပြုလုပ်သောဥပဒေ (၁၉၄၃ ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံဥပဒေ)ကို ၁၉၄၃ ခုနှစ်၊ ဇူလိုင်လလယ်၌ ရက်ပိုင်းအနည်းငယ်အတွင်း ရေးဆွဲခဲ့ခြင်းဖြစ်သည်။

---

[၆] W. Elliot Bulmer, a– new–constitution– for– Myanmar, International IDEA(2022), p 28.

[၇] David I. Steinberg, Burma/ Myanmar what Everyone Needs to Know, Myanmar Book Center (2015), p 56.

ဂျပန်တို့က မြန်မာနိုင်ငံအား လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့သည့် ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဥပဒေအမှတ်(၁)ဖြင့် ပြဋ္ဌာန်းခဲ့ရာ ဂျပန်တပ်များသည် ရန်ကုန်မြို့ရှိ ဘုရင်ခံအိမ်တော်၌ ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် လက်နက်ချကြောင်း တရားဝင်လက်မှတ်ရေးထိုးချိန်အထိ အာဏာသက်ရောက်ခဲ့သည့် သက်တမ်း နှစ်နှစ်ခန့်သာရှိကြောင်း တွေ့ရှိရပါသည်။ ၁၉၄၃ ခုနှစ်၊ ဖွဲ့စည်းပုံဥပဒေ၌ အခန်း (၁၂)ခန်း၊ ပုဒ်မ(၆၄)ခုပါဝင်ခဲ့ပြီး[၆] မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သော ဖွဲ့စည်းပုံဥပဒေများအနက် အနည်းဆုံးအခန်းနှင့် ပုဒ်မများပါဝင်သည့် ဖွဲ့စည်းပုံဥပဒေတစ်ခုဖြစ်သည်။ ဗမာပြည်အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေသည် ဗမာပြည်မအတွက်သာဖြစ်ပြီး ရှမ်းပြည်နယ်ကို ဂျပန်စစ်အာဏာပိုင်များ ကသာအုပ်ချုပ်သည်။ အချုပ်အခြာအာဏာကို အဓိပတိကိုသာ အပ်နှင်းထားသဖြင့် တစ်ပြည်ထောင်စနစ်ကိုသာ ကျင့်သုံးသည်။ "နိုင်ငံတော်အကြီးအကဲသည် ဗမာ့လက်နက်ကိုင်အင်အားစုအားလုံး၏ သေနာပတိဖြစ်သည်"ဟု ပြဋ္ဌာန်းထားခြင်းသည် ထူးခြားမှုတစ်ခုဖြစ်ပါသည်။[၇]

၁၉၄၃ ခုနှစ်ဖွဲ့စည်းပုံဥပဒေသည် ကာလတိုအတွင်း အလျင်စလိုရေးဆွဲကြရသကဲ့သို့ ဖွဲ့စည်းပုံဥပဒေကို အထူးလေ့လာသော ပညာရှင်များလည်း မပါဝင်သောကြောင့်လည်းကောင်း၊ ဂျပန်စစ်အုပ်ချုပ်ရေးကာလအတွင်း ဂျပန်တို့၏ ဩဇာအာဏာကို မလွန်ဆန်နိုင်သောကြောင့်လည်းကောင်း၊ ဖွဲ့စည်းပုံဥပဒေဆိုင်ရာပြုစုရေး အတွေ့အကြုံနည်းပါးသောကြောင့်လည်းကောင်း၊ စစ်ပွဲအောင်နိုင်ရေးအတွက် အဓိကထား၍ ရေးဆွဲသောကြောင့်လည်းကောင်း၊ အခွင့်အာဏာမှန်သမျှအား အာဏာရှင်တစ်ဦးတည်းအုပ်ချုပ်မှ ထိရောက်သည်ဟု ယူဆကြသောကြောင့်လည်းကောင်း၊ အဆိုပါအုပ်ချုပ်ရေးစည်းမျဉ်းဥပဒေသည် နိုင်ငံတော်နှင့်အစိုးရ၊ ပြည်သူလူထုတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းစေရန် အားနည်းခဲ့သည်။ သို့ရာတွင် ဂျပန်စစ်အုပ်ချုပ်ရေးအဖွဲ့ အစည်းများ၏လက်အောက်မှ မြန်မာနိုင်ငံအင်အားစုများ၏ ခေါင်းဆောင်များကိုယ်တိုင်ဦးဆောင်ကာ ပထမဦးဆုံးစတင်ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီး နိုင်ငံရေးအခန်းကဏ္ဍကို လူထုခေါင်းဆောင်များ ပါဝင်ဆောင်ရွက်နိုင်မှုတစ်ခု ဖြစ်ခဲ့ပါသည်။[၈]

## ၂.၃။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၄၇ ခုနှစ်)

---

[၆] ၁၉၄၃ ခုနှစ် ဗမာနိုင်ငံတော်အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေ။

[၇] ငြိမ်းချမ်းရေးနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ မြန်မာ့ရေးရာ(အမှတ် ၁၁၊ ဧပြီ ၂၀၁၉)၊ စာ ၁၀၆။

[၈] သုတေသနအဖွဲ့၊ မြန်မာနိုင်ငံအခြေခံဥပဒေမြစ်ဖျားများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (၂၀၁၉)၊ စာ ၁၈၉။

## ၂.၃.၁။ အောင်ဆန်းအက်တလီစာချုပ်

ဖက်ဆစ်တော်လှန်ရေးအပြီး ဒုတိယကမ္ဘာစစ်ပြီးကာစ ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ(၇) ရက်နေ့တွင် အာရှအရှေ့တောင်ပိုင်းစစ်သေနာပတိချုပ် မောင့်ဘက်တန်နှင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်းတို့က ကန္ဒီသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး နောက် ဗိုလ်ချုပ်အောင်ဆန်းအား မြန်မာ့တပ်မတော်တွင် ဒုတိယစစ်ဆေးရေးအရာရှိချုပ် အဖြစ် ရာထူးခန့်အပ်ခဲ့ပါသည်။ ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ (၂၆)ရက်နေ့တွင် ဗြိတိသျှ ဘုရင်ခံ ဆာ-ဟူဘတ်ရန့်စ်ထံမှ နိုင်ငံအုပ်ချုပ်ရေးအာဏာကို ရရှိခဲ့ပြီး အစိုးရအဖွဲ့အကြီးအကဲ ဖြစ်လာခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ကြိုးပမ်းအားထုတ်မှုကြောင့် ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် ဗြိတိသျှဝန်ကြီးချုပ် မစ္စတာအက်တလီသည် ဗြိတိသျှ အောက်လွှတ်တော်တွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး မြန်မာကိုယ်စားလှယ်များအား ဗြိတိသျှအောက်လွှတ်တော်သို့ ဖိတ်ခေါ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

အဆိုပါဆုံးဖြတ်ချက်အရ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် လန်ဒန်မြို့သို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် အရေးဆိုမှုနှင့်စပ်လျဉ်း၍ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်နေ့မှ (၂၆) ရက်နေ့အထိ ဆွေးနွေးခဲ့ပြီး ၁၉၄၇ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့ ညနေ(၃)နာရီခွဲအချိန်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အောင်ဆန်းအက်တလီစာချုပ်သည် မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၏ အထင်ကရ စာချုပ်တစ်ခုဖြစ်ပါသည်။[၆]

## ၂.၃.၂။ ပင်လုံစာချုပ်

ရွှေတိဂုံကုန်းတော်အလယ်ပစ္စယံ၌ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ် သောဖဆပလညီလာခံကြီးတွင် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်သည့်အခါက ရှမ်းပြည် ကိုပါ တစ်ပါတည်းသိမ်းပိုက်ခဲ့ကြောင်း၊ ယခုဗမာပြည်ကို လက်လွှတ်ရမည့်အခါသို့ရောက် သည့်အခါ ရှမ်းပြည်ကို ချန်ထားခြင်းမပြုဘဲ တစ်ပါတည်းလက်လွှတ်သင့်ကြောင်း၊ ဗမာပြည်နှင့် ရှမ်းပြည်လွတ်လပ်ရေးကိစ္စကြီးတွင် ရှမ်းပြည်ခေါင်းဆောင်များနှင့် ဗမာပြည် ခေါင်းဆောင်များသာ ဆွေးနွေးသင့်ကြောင်း၊ တတိယပါတီ မပါဝင်သင့်ကြောင်း၊ ရှမ်းပြည် ခေါင်းဆောင်များနှင့် ဗမာပြည်ခေါင်းဆောင်များ မတွေ့နိုင်အောင်လုပ်ထားသော နယ်နှင့် ဥပဒေကို ဖျက်သိမ်းသင့်ကြောင်း စသည့်သဘောများပါဝင်သည့် အဆိုတစ်ရပ်ကို တင်သွင်း

---

[၆] သုတေသနအဖွဲ့၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဂျာနယ်အမှတ်(၃)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (၂၀၁၈)၊ စာ ၂၂၉-၂၃၀။

ကာ ဆုံးဖြတ်ခဲ့ကြပြီး ယင်းဆုံးဖြတ်ချက်ကို တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးသို့ ပေးပို့ကာ အချင်းချင်းညှိနှိုင်း တိုင်ပင်ကြစေသည်။

အင်္ဂလိပ်တို့ဘက်မှလည်း တောင်တန်းသားများနှင့် မြန်မာပြည်မကို ခွဲရန်အတွက် ပထမပင်လုံ ကွန်ဖရင့်ကျင်းပကာ ဗြိတိသျှအုပ်စိုးမှုကို လိုလားသော ရှမ်းစော်ဘွားအချို့၊ ကချင်ဒူးဝါးအချို့စသော တွေ့ဝေလျက်ရှိသော လူမျိုးစုခေါင်းဆောင်များကို ဖိတ်ကြား၍ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့၌ အစည်းအဝေးတစ်ရပ်ကျင်းပရန် စီစဉ်ထားရှိပြီး အဆိုပါ အစည်းအဝေးတွင် "တောင်တန်းဒေသစည်းလုံးညီညွတ်ရေးအဖွဲ့"ကို ဖွဲ့စည်းကြမည်။ ထိုအဖွဲ့အစည်းတွင် ဥက္ကဋ္ဌအဖြစ် ဗြိတိသျှဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် အထွေထွေအတွင်းရေးမှူးအဖြစ် ဂျွန်ဦးစောကို တင်မြှောက်ရန် ကြိုတင်စီစဉ်ထားခဲ့ပါသည်။

ပထမအကြိမ်ပင်လုံညီလာခံကို ၁၉၄၆ ခုနှစ်၊ မတ်လ(၁)ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ခဲ့ပြီး အဆိုပါနေ့ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ရခိုင်ပြည်နယ်စည်းရုံးရေး ခရီးစဉ်နှင့် တိုက်ဆိုင်လျက်ရှိသည့်အတွက် ဖဆပလအဖွဲ့ချုပ်ဒုတိယခေါင်းဆောင်ဦးနုခေါင်းဆောင်၍ ဝန်ကြီး ဟောင်းဦးဘဂျမ်း၊ သံအမတ်ဟောင်းဦးဖေခင်နှင့် မန်းဘခိုင်တို့အား အဖွဲ့ချုပ်ကိုယ်စား စေလွှတ်ခဲ့ပါသည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့တွင် ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့၌ ချုပ်ဆိုခဲ့သော "အောင်ဆန်းအက်တလီစာချုပ်" အပိုဒ် (၈) နယ်ခြားဒေသများ ခေါင်းစဉ်အောက်ရှိ (ခ)(၃) တွင် "အခြားနည်းဖြင့်လည်းကောင်း၊ ခေတ်ပြောင်းခေတ်လွှဲကာလအတွင်း လက်ခံနိုင်မည်ဟု မိမိတို့ ယုံကြည်သော မြန်မာနိုင်ငံတော်အစိုးရနှင့် ပူးတွဲပေါင်းဖက်ခြင်းနှင့်ပတ်သက်၍ မိမိတို့ထင်မြင် ချက်များကို ထုတ်ဖော်ပြောဆိုနိုင်ရန် နောက်လဆန်းတွင် ကျင်းပမည်ဖြစ်သော ဝန်ကြီး(ပင်လုံ) ကွန်ဖရင့်တွင်လည်းကောင်း၊ သို့မဟုတ် ဤကိစ္စအတွက်ကျင်းပသော အထူးကွန်ဖရင့်တွင်လည်းကောင်း၊ နယ်ခြားဒေသရှိ လူများ၏ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များကို မေးမြန်းရမည်" ဟု ပါရှိခဲ့ပါသည်။ သို့ဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်နေ့ညနေပိုင်းတွင် အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပြီး "လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာရေရှည်တည်တံ့ခိုင်မြဲရန် တစ်ခုတည်းသော နည်းလမ်းမှာ ပြည်ထောင်စုပုံစံဖြင့် လွတ်လပ်ရေးရယူရန်သာဖြစ်ကြောင်း" ရှင်းပြခဲ့ရာ ဗြိတိသျှတို့၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးရန် တွေဝေလျက်ရှိသည့် တိုင်းရင်းသားခေါင်းဆောင်များနှင့် အစည်းအဝေးတက်ရောက်ရန်လာကြသူ တိုင်းရင်းသားခေါင်းဆောင်အားလုံးသည် ဗိုလ်ချုပ်အစီအမံအတိုင်းဆောင်ရွက်ရန် တစ်ခဲနက် သဘောတူညီခဲ့ကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များက မြန်မာနိုင်ငံတော်သမိုင်းတွင် မှတ်တမ်းတင်ရမည့် ပင်လုံစာချုပ်ကို ၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့၊ နံနက်(၁၀)နာရီတိတိအချိန်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ ပင်လုံစာချုပ်သည် ရှမ်း၊ ကချင်၊ ချင်းစသည့် တောင်တန်းဒေသများကို ကိုယ်စားပြုသည့် တိုင်းရင်းသားခေါင်းဆောင်များနှင့် Executive Council of the Government of the Ministerial of Burma ကို ကိုယ်စားပြုသည့် မြန်မာပြည်ဘုရင်ခံအတိုင်ပင်ခံကောင်စီ ဒုတိယဥက္ကဋ္ဌဗိုလ်ချုပ်အောင်ဆန်းတို့အကြား အပြန်အလှန်သဘောတူချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ခုဖြစ်ပြီး တိုင်းရင်းသားများ၏ သွေးစည်းညီညွတ်မှုကို ပြသနိုင်ခဲ့သည့် သမိုင်းဝင်မော်ကွန်းတစ်ခုလည်းဖြစ်ပါသည်။[10]

## ၂.၃.၃။ နုအက်တလီစာချုပ်

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ(၂၇)ရက်နေ့တွင် ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့၌ ဗိုလ်ချုပ်အောင်ဆန်း နှင့် ဝန်ကြီးချုပ်အက်တလီတို့ ချုပ်ဆိုခဲ့သော "အောင်ဆန်းအက်တလီစာချုပ်"အရ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည် စာချုပ်ချုပ်ဆိုပြီးနောက် တစ်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သောကြောင့် လွတ်လပ်သော မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ၁၉၄၇ ခုနှစ်၊ စက်တင်ဘာ ၄ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းအချိန်၌ အောင်ဆန်းအက်တလီစာချုပ်အရ မြန်မာနိုင်ငံကို အာဏာလွှဲပြောင်းပေးအပ်ရန် ဆောင်ရွက်ရန်ရှိသောကြောင့် တိုင်းပြုပြည်ပြုလွှတ်တော်သည် မြန်မာနိုင်ငံ၏ ယာယီအစိုးရဝန်ကြီးချုပ်ဦးနုအား ဗြိတိသျှနိုင်ငံက အာဏာလွှဲအပ်ပေးရာတွင် ဖြစ်ပေါ်လာနိုင်သော နိုင်ငံတော်စာချုပ်များနှင့် ပတ်သက်သည့်အရေးအရာမှန်သမျှကို ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အာဏာပိုင်အဖြစ် ခန့်အပ်ခဲ့သည်။

တိုင်းပြုပြည်ပြုလွှတ်တော်၏ တာဝန်ပေးချက်အရ မြန်မာနိုင်ငံယာယီအစိုးရဝန်ကြီးချုပ်ဦးနုသည် ဗြိတိသျှအစိုးရကိုယ်စားဝန်ကြီးချုပ် ကလီမင့်ရစ်ချက်အက်တလီနှင့် မြန်မာ့လွတ်လပ်ရေးစာချုပ်ဟုခေါ်ဆိုနိုင်သည့် "နုအက်တလီစာချုပ်"ကို ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလတွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၌ နှစ်ဦးသဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့ကြောင့် "နုအက်တလီစာချုပ်"ကို ၁၉၄၇ ခုနှစ်၊ အင်္ဂလိပ်မြန်မာစာချုပ်ဟူ၍လည်းကောင်း၊ မြန်မာ့လွတ်လပ်ရေးစာချုပ်ဟူ၍လည်းကောင်း ခေါ်ဆိုခဲ့ကြပါသည်။[၁၁]

---

[၁၀] သုတေသနအဖွဲ့၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဂျာနယ်အမှတ်(၃)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (၂၀၁၈)၊ စာ ၂၄၄-၂၄၅။

[၁၁] သုတေသနအဖွဲ့၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဂျာနယ်အမှတ်(၃)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (၂၀၁၈)၊ စာ ၂၄၇-၂၄၈။

## ၂.၃.၄။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၄၇ ခုနှစ်)

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်(ဖဆပလ)ပါတီမှ ဦးဆောင်ရေးဆွဲခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးပါက ကျင့်သုံးနိုင်ရေး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် တိုင်းပြည်ပြုလွှတ်တော်ကို ၁၉၄၇ ခုနှစ်၊ ဧပြီလတွင် ရွေးကောက်တင်မြောက်ခဲ့သည်။ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်(ဖဆပလ)သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရန် အဖွဲ့ဝင် ၁၁၁ ဦးပါဝင်သော ကော်မတီကို ဖွဲ့စည်းခဲ့သည်။ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်၏ တတိယအကြိမ်မြောက် အစည်းအဝေးက ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ကို သဘောတူညီခဲ့ကြသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံလွတ်လပ်ရေး စတင်ရရှိခဲ့သော ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ၂၄ ရက်နေ့တွင် စတင် အာဏာတည်ခဲ့သည်။ အဆိုပါဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့ပါသည်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အခန်းပေါင်း ၁၄ ခန်းနှင့် ပုဒ်မပေါင်း ၂၃၄ ခုပါဝင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏အကြီးအကဲဖြစ်ပြီး အုပ်ချုပ်ရေးအာဏာကို ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအဖွဲ့က ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေပြုရေးအာဏာကို ပါလီမန်ကလည်းကောင်း၊ တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ်အပါအဝင် အဆင့်ဆင့်သော တရားရုံးများက ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ [၁၂] ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် Defunct or Dead letter law အဖြစ် ရောက်ရှိခဲ့ပါသည်။[၁၃]

## ၂.၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၁၉၇၄ ခုနှစ်)

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ဦးဆောင်ရေးဆွဲခဲ့ပါသည်။ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကော်စီသည် နိုင်ငံတော်အာဏာကိုလွှဲပြောင်းရယူပြီးနောက် ဆိုရှယ်လစ်စနစ်ကျင့်သုံးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကို အသစ်ရေးဆွဲနိုင်ရန် ဆောင်ရွက်ခဲ့သည်။ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီက အဖွဲ့ဝင် ၉၇ ဦးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ

---

[၁၂] ပုဒ်မ ၆၅၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၄၇)။

[၁၃] ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဂျာနယ် အမှတ်(၄)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (၂၀၂၀)၊ စာ၁၆၄။

ဥပဒေကို ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်၍ အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်းပေါင်း ၁၆ ခန်းနှင့် ပုဒ်မပေါင်း ၂၀၉ ခုပါဝင်သည်။[၁၄] ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ဦးဆောင်၍ ရေးဆွဲခဲ့သော်လည်း အခြေခံဥပဒေရေးဆွဲရေးကော်မရှင်ဖွဲ့စည်း၍ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် အခြေခံဥပဒေမူကြမ်းကို ပထမမူကြမ်း၊ ဒုတိယမူကြမ်း၊ တတိယမူကြမ်းဟု ပေါ်ထွက်ခဲ့ပါသည်။ အခြေခံဥပဒေပထမမူကြမ်းကို ပြည်သူများထံသို့ ချပြ၍ ဆွေးနွေးအကြံပြုချက်များရယူခဲ့ပြီးမှ ဒုတိယမူကြမ်း ပေါ်ထွက်လာပါသည်။ ဒုတိယမူကြမ်းကိုလည်း ပြည်သူများထံချပြဆွေးနွေး အကြံပြုချက်ရရှိခဲ့ပြီးမှ တတိယမူကြမ်းရရှိခဲ့ကာ အချုပ်အခြာအာဏာပိုင်ရှင်အစစ်ဖြစ်သော ပြည်သူများက ဥပဒေနှင့်အညီ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ(Referendum)ကို ပြုလုပ်၍ အတည်ပြုသည့် လုပ်ငန်းစဉ်ကြီးကိုလည်း လေ့လာတွေ့ရှိရပါသည်။ Constituent authority ဖြစ်သော ပြည်သူများ၏ဆန္ဒနှင့်အညီ အတည်ပြုရရှိခဲ့သည့် အခြေခံဥပဒေတစ်ရပ်ဖြစ်ခဲ့ပါသည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူ့လွှတ်တော် တစ်ရပ်သာ ဖွဲ့စည်းထားရှိပြီး ပြည်နယ်များကို ကိုယ်စားပြုသော အထက်လွှတ်တော်တစ်ရပ် မရှိသဖြင့် တစ်ပြည်ထောင်စနစ်ကိုကျင့်သုံးပါသည်။ ထို့ပြင် ပြည်သူ့လွှတ်တော်သည် နိုင်ငံသားများကိုယ်စား နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ခံယူကျင့်သုံးသော နိုင်ငံတော်၏အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းအဖြစ် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် နိုင်ငံတော် အချုပ်အခြာအာဏာကို ပြည်သူ့လွှတ်တော်ကသာကျင့်သုံးကြောင်း လေ့လာတွေ့ရှိရပါသည်။[၁၅] ထို့နောက် ၁၉၈၈ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကလည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်၊ မတ်လအထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်ကိုအုပ်ချုပ်ခဲ့ပါသည်။

## ၂.၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ တစ်ပါတီအုပ်ချုပ်ရေးစနစ်ကိုဖျက်သိမ်းပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) အမည်ဖြင့် နိုင်ငံတော်အာဏာအရပ်ရပ်ကို ထိန်းသိမ်းကြောင်းကို ကြေငြာခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၉၀ ပြည့်နှစ်၊ မေလ

---

[၁၄] ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄)

[၁၅] ပုဒ်မ ၄၁၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄)

၂၇ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကို အခြေခံဥပဒေအသစ်ရေးဆွဲရန် ကျင်းပပေးခဲ့ရာ နိုင်ငံရေးပါတီပေါင်း ၂၃၅ ခုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့သည် ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အခြေခံဥပဒေရေးဆွဲရန်အတွက် ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့မှ စတင်၍ အမျိုးသားညီလာခံအစည်းအဝေးကို ကျင်းပခဲ့ကာ အခြေခံမူ ၁၀၄ ချက် ချမှတ်ခဲ့ပြီး အစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး ဖွဲ့စည်းရေးနှင့် သက်ဆိုင်သောအခြေခံမူကို အမျိုးသားညီလာခံအစုအဖွဲ့ ၈ ဖွဲ့ ကိုယ်စားလှယ်အားလုံးက အညီအညွတ်သဘောတူဆုံးဖြတ်ခဲ့ကြသည်။ ကျင်းပလျက်ရှိ သော အမျိုးသားညီလာခံကို ၁၉၉၆ ခုနှစ်တွင် ရပ်နားခဲ့သည်။ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဥပဒေရေးရာ စသည့်ရှုထောင့်ပေါင်းစုံမှ အတွေ့အကြုံကြွယ်ဝသည့်ပုဂ္ဂိုလ်များ ပါဝင်ချမှတ်ခဲ့သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ၇ ရပ်နှင့်အညီ ရပ်နားထားသော အမျိုးသားညီလာခံအား ၂၀၀၄ ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့ရာ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အမျိုးသားညီလာခံသည် အောင်မြင်စွာပြီးမြောက်ခဲ့သည်။ အမျိုးသားညီလာခံကရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်ထောင်စုမြန်မာ နိုင်ငံတော်တွင် မြို့နယ်ပေါင်း ၃၂၅ မြို့နယ်ရှိသည့်အနက် ၂၇၈ မြို့နယ်တွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် အောင်မြင်စွာကျင်းပခဲ့ပါသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးသည့် မြို့နယ်ပေါင်း ၂၇၈ မြို့နယ်မှ ဆန္ဒမဲပေးခွင့် ရှိသူဦးရေ (၂၇၂၈၈၈၂၇) ဦးအနက် (၂၀၇၈၆၅၉၆) ဦးတို့ကထောက်ခံသည့်အတွက် ထောက်ခံ သည့်ရာခိုင်နှုန်းမှာ (၉၂ ဒသမ ၄၈)ရာခိုင်နှုန်းဖြစ်ပါသဖြင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကော်မရှင်၏ (၂၆-၅-၂၀၀၈) ရက်စွဲပါကြေညာချက်အမှတ် ၁၂/ ၂၀၀၈နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ ကြေညာချက်အမှတ် ၇/၂၀၀၈ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ကြေညာခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ၂၀၀၈ ခုနှစ်၊ မေလ (၂၉) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အခန်းပေါင်း(၁၅)ခန်း၊ ပုဒ်မပေါင်း (၄၇၅)ခုနှင့် ဇယား(၅)ခုတို့ဖြင့် ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အား ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် ပြင်ဆင်ခဲ့ပါသည်။ အဆိုပါ ဖွဲ့စည်းပုံ

အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် သမ္မတစနစ်ကျင့်သုံးသော အခြေခံဥပဒေစနစ်များနှင့် ဖက်ဒရယ်စနစ်ကျင့်သုံးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ လက္ခဏာရပ်များကို လေ့လာတွေ့ရှိရပါသည်။[၁၆]

## ၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ အာဏာပိုင်းခြားခွဲဝေကျင့်သုံးမှု

နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့်ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန် ထိန်းကျောင်းခြင်းပြုသည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများက ခွဲဝေကျင့်သုံးပါသည်။[၁၇]

### ၃.၁။ နိုင်ငံတော်တည်ဆောက်ပုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို တိုင်းဒေသကြီး (၇)ခု၊ ပြည်နယ် (၇)ခု၊ ပြည်ထောင်စုနယ်မြေများ[၁၈]နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(၁)တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၅)ခုဖြင့် ဖွဲ့စည်းတည်ထောင်ထားပါသည်။[၁၉]

### ၃.၂။ အာဏာခွဲဝေကျင့်သုံးမှု

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)အရ နိုင်ငံတော်၏အာဏာကို ခွဲဝေကျင့်သုံးရာတွင် အလျားအလိုက်လုပ်ပိုင်ခွင့်အာဏာခွဲဝေမှုနှင့် အထက်အောက်လုပ်ပိုင်ခွင့်အာဏာခွဲဝေမှုဟူ၍ ပုံစံနှစ်မျိုးကို လေ့လာတွေ့ရှိရပါသည်။ အလျားလိုက်လုပ်ပိုင်ခွင့် အာဏာခွဲဝေမှုကို ဥပဒေပြုအဖွဲ့၏ လွှတ်တော်နှစ်ရပ်အကြား သို့မဟုတ် နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်တို့အကြား လုပ်ပိုင်ခွင့်အာဏာခွဲဝေမှုကို ဖော်ပြလေ့ရှိပါသည်။ မြန်မာနိုင်ငံတွင် အလျားလိုက်အာဏာခွဲဝေကျင့်သုံးမှုကို ပြည်ထောင်စုအဆင့် ဥပဒေပြုရေးကဏ္ဍရှိ လွှတ်တော်နှစ်ရပ်အကြားတွင် အာဏာခွဲဝေကျင့်သုံးမှုကိုသာ တွေ့ရှိနိုင်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းတွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်သကဲ့သို့ အစိုးရအဖွဲ့အကြီးအကဲဖြစ်ပြီး အစိုးရအဖွဲ့၌ ဝန်ကြီးချုပ်ရာထူးကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားခြင်းမရှိသောကြောင့် ပါလီမန်စနစ်၌

---

[၁၆] ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန်အတွဲ(၂)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး(၂၀၂၁)၊ စာ ၃၂၈။

[၁၇] ပုဒ်မ ၁၁၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)။

[၁၈] ပုဒ်မ ၄၉၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)။

[၁၉] ပုဒ်မ ၅၆၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)။

ကျင့်သုံးသော နိုင်ငံများရှိ နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်တို့အကြား အလျားလိုက်လုပ်ပိုင်ခွင့် အာဏာ ခွဲဝေကျင့်သုံးမှုမျိုးမရှိသည်ကို တွေ့ရှိရပါသည်။

အထက်အောက်အာဏာခွဲဝေကျင့်သုံးမှုကို ပြည်ထောင်စု သို့မဟုတ် ဗဟိုအာဏာပိုင်များနှင့် ဒေသဆိုင်ရာအာဏာပိုင်များအကြား လုပ်ပိုင်ခွင့်အာဏာခွဲဝေကျင့်သုံးမှုများတွင် တွေ့ရှိ ရပါသည်။ ယင်းအထက်အောက်အာဏာခွဲဝေကျင့်သုံးမှုသည် ဒေသအသီးသီးကို သာမက လူနည်းစုအစုအဖွဲ့များကိုလည်း အသိအမှတ်ပြုမှုနှင့် လုပ်ပိုင်ခွင့်အာဏာပေးအပ်မှုတို့ကို ဖြစ်ပေါ်စေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အဆိုပါအထက်အောက်အာဏာခွဲဝေကျင့်သုံးမှုကို ဗဟိုချုပ်ကိုင်မှု အလွန်အကျွံလျော့ချသတ်မှတ်ပြဋ္ဌာန်းထားပါက ထိရောက်အကျိုးဖြစ်ထွန်းမှုမရှိခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများ မလိုအပ်ဘဲ ဖောင်းပွခြင်း၊ အသုံးစရိတ်တိုးလာခြင်း၊ နိုင်ငံတော်အဆင့်တွင်သာ အသုံးပြုနိုင်သည့် အရင်းအမြစ်နှင့် နည်းပညာကျွမ်းကျင်မှုဆုံးရှုံးရခြင်းတို့ ဖြစ်ပေါ်စေတတ်ပါသည်။[၂၀] မြန်မာနိုင်ငံတွင် ဥပဒေပြုရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအကြားတွင် ဇယားများဖြင့် သတ်မှတ်၍လည်းကောင်း၊ အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအကြားတွင် တည်ဆဲဥပဒေများကိုပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းဖြင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သင့်တင့်မျှတစွာ ခွဲဝေအပ်နှင်းခြင်းဖြင့်လည်းကောင်း၊ တရားစီရင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များအကြားတွင် တရားစီရင်ရေးဥပဒေအရ စီရင်ပိုင်ခွင့်အာဏာများကို ပြင်ဆင်ခွဲဝေအပ်နှင်းခြင်းဖြင့်လည်းကောင်း အထက်အောက်အာဏာခွဲဝေကျင့်သုံးမှုများကို မြင်တွေ့နိုင်ပါသည်။

## ၃.၂.၁။ ဥပဒေပြုရေးအာဏာခွဲဝေကျင့်သုံးမှု

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုအဖွဲ့အစည်းများမှာ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားရှိပါသည်။ ပုဒ်မ ၉၅ အရ ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးကအတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စု

---

[၂၀]Idea, ဖွဲ့စည်းပုံအခြေခံဥပဒေ စာတမ်း (၂၀၁၇၊ ဧပြီလ)

လွှတ်တော်ကအတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်ပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်ဖြစ်ပါသည်။ ပုဒ်မ ၁၃၆ နှင့် ၁၅၆ တို့အရ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသောကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော် တွင်သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ ဥပဒေကြမ်း စတင်တင်သွင်း ခွင့်ရှိပါသည်။ သို့ဖြစ်၍ ပြည်ထောင်စုအဆင့်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တို့အကြားတွင် အလျားလိုက် ဥပဒေပြုအာဏာခွဲဝေကျင့်သုံးမှုရှိသည်ကို လေ့လာတွေ့ရှိရ ပါသည်။

ပုဒ်မ ၉၆ အရ ပြည်ထောင်စုလွှတ်တော်သည် ဇယား ၁ တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက် သော်လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသ အတွက်သော်လည်းကောင်း အာဏာ သက်ရောက်စေရန် ဥပဒေပြုခွင့်ရှိပါသည်။ ပုဒ်မ ၁၈၈ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား ၂ တွင်ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံး အတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိပါသည်။ ပုဒ်မ ၂၇၇ (က) အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့သည် ဇယား ၃ တွင် ဖော်ပြထားသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုခွင့်ရှိပါသည်။ သို့ဖြစ်၍ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့အကြားတွင် အထက်အောက်ဥပဒေပြုအာဏာကျင့်သုံးမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။[၂၁]

## ၃.၂.၂။ အုပ်ချုပ်ရေးအာဏာခွဲဝေကျင့်သုံးမှု

ပုဒ်မ ၁၉၉ (ခ) အရ နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း

[၂၁] အခန်း(၄)၊ ဥပဒေပြုရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်။

ခွဲဝေအပ်နှင်းထားပါသည်။ ပုဒ်မ ၂၁၆ အရ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့ပါသည်။

ပုဒ်မ ၂၄၉ အရ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သောကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်။ ထို့ပြင် ပြည်ထောင်စုဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့ပါသည်။

ပုဒ်မ ၂၇၇ အရ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ကိုယ်ပိုင်အုပ်ချုပ်မှုအာဏာသည် ဇယား ၃ ပါ ယင်းဦးစီးအဖွဲ့က ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များတွင်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ကဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကဖြစ်စေ ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အား ဆောင်ရွက်ခွင့်ပြုသည့်ကိစ္စရပ်များတွင်လည်းကောင်း သက်ရောက်ပျံ့နှံ့ပါသည်။

အုပ်ချုပ်ရေးအာဏာခွဲဝေကျင့်သုံးမှုနှင့်စပ်လျဉ်း၍ အလျားလိုက်ခွဲဝေကျင့်သုံးမှုမရှိဘဲ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့အကြားတွင် အထက်အောက် အာဏာခွဲဝေကျင့်သုံးမှုကို ကျင့်သုံးကြောင်းတွေ့ရှိရပါသည်။ သို့ရာတွင် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းတိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားဝန်ကြီး သို့မဟုတ် ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀(စ)တွင် ပြဋ္ဌာန်းထားသည့် "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်"ဟူသော အခြေခံမူအခန်းပါ ပြဋ္ဌာန်းချက်နှင့်အညီ အုပ်ချုပ်ရေးအဖွဲ့အဆင့်တိုင်းတွင် အုပ်ချုပ်ရေးအဖွဲ့များနှင့် တပ်မတော်တို့အကြား အုပ်ချုပ်ရေးကဏ္ဍ၌ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။[၂၂]

## ၃.၂.၃။တရားစီရင်ရေးအာဏာခွဲဝေကျင့်သုံးမှု

[၂၂] အခန်း(၅)၊ အုပ်ချုပ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၃ အရ နိုင်ငံတော်၏ တရားစီရင်ရေးဆိုင်ရာရုံးများကို အောက်ပါအတိုင်းဖွဲ့စည်းထားရှိပါသည်–

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများ၊

(ခ) စစ်ဘက်ဆိုင်ရာတရားရုံးများ၊

(ဂ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈ အရ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတရားရုံးများအပါအဝင် အဆင့်ဆင့်သောတရားရုံးများအား ခွဲဝေအပ်နှင်းသည်။ ပြည်ထောင်စုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တစ်ရပ်ထားရှိပြီး တိုင်းဒေသကြီးတိုင်းတွင် တိုင်းဒေသကြီးတရားလွှတ်တော်တစ်ရပ်စီလည်းကောင်း၊ ပြည်နယ်တိုင်းတွင် ပြည်နယ်တရားလွှတ်တော်တစ်ရပ်စီလည်းကောင်း ထားရှိသည်။ သို့ဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီးတရားလွှတ်တော်များ သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များအကြားတွင် အထက်အောက်တရားစီရင်ရေးအာဏာခွဲဝေကျင့်သုံးမှုကို မြင်တွေ့နိုင်ပါသည်။ သို့ရာတွင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာအာဏာများ ခွဲဝေပေးထားသကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား တရားစီရင်ရေးအာဏာကို ပေးအပ်ထားခြင်းမရှိကြောင်းတွေ့ရှိရသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအထိ အထက်အောက်တရားစီရင်ရေးအာဏာ ခွဲဝေပေးထားမှုမရှိကြောင်းတွေ့ရှိရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၄ အရ နိုင်ငံတော်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တစ်ရပ်ထားရှိပြီး စစ်ဘက်ဆိုင်ရာတရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို မထိခိုက်စေဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈(ဂ)နှင့် ၂၉၆(က) တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့်များထုတ်ပိုင်ခွင့်အာဏာများရှိပါသည်။ ထို့ပြင် ပုဒ်မ ၂၉၅(ခ)နှင့် (ဂ)တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည့်အားလျော်စွာ နောက်ဆုံးအပြီးအပြတ်အယူခံဝင်ရာတရားရုံးဖြစ်ပြီး ၎င်း၏

စီရင်ချက်များသည် အမှုအားလုံးတွင် အပြီးအပြတ်ဖြစ်၍ အယူခံဝင်ခွင့်မရှိကြောင်း တွေ့ရှိရပါသည်။

ပုဒ်မ ၂၉၃ ပုဒ်မခွဲ (ခ) အရ စစ်ဘက်ဆိုင်ရာတရားရုံးများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေအရဖွဲ့စည်း၍ တပ်မတော်သားများအတွက် တရားစီရင်ရမည်ဖြစ်ပြီး ပုဒ်မ ၃၄၃ (ခ) အရ စစ်ဘက်တရားစီရင်ရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ပါသည်။ ထို့ပြင် ပုဒ်မ ၃၂၄ အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည်လည်း အပြီးအပြတ်အတည်ဖြစ်ပါသည်။[၂၃]

သို့ဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့အကြားတွင် အလျားလိုက်တရားစီရင်ရေးအာဏာ ခွဲဝေကျင့်သုံးမှုရှိကြောင်း တွေ့ရှိရပါသည်။

## ၃.၃။ အာဏာပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းမှုပြုခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ (က) သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့်တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲပြီး အချင်းချင်းအပြန်အလှန် ထိန်းကျောင်းရန် ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့များထံလည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့များထံလည်းကောင်း၊ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ စစ်ဘက်ဆိုင်ရာတရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့ထံတွင် လည်းကောင်း အပ်နှင်းထားပါသည်။

အာဏာသုံးရပ် အပြန်အလှန်ထိန်းကျောင်းခြင်းနှင့်စပ်လျဉ်း၍ ဥပဒေပြုရေးအဖွဲ့မှ အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့များအပေါ်ထိန်းကျောင်းခြင်း၊ အုပ်ချုပ်ရေးအဖွဲ့မှ ဥပဒေပြုရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့တို့အပေါ်ထိန်းကျောင်းခြင်းနှင့် တရားစီရင်ရေးအဖွဲ့မှ ဥပဒေပြုရေးအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့တို့အပေါ် ထိန်းကျောင်းခြင်းဟူ၍ အပိုင်းသုံးပိုင်းဖြင့် ပိုင်းခြားလေ့လာထားရှိပါသည်။ ဥပဒေပြုအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေများကို ပြုပိုင်ခွင့်ရှိပြီး အုပ်ချုပ်ရေးအဖွဲ့များနှင့် တရားရုံးများသည် ယင်းဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရသည်ကို လေ့လာတွေ့ရှိရပါသည်။

---

[၂၃] အခန်း(၈)၊ တရားစီရင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)။

### ၃.၃.၁။ ဥပဒေပြုရေးကဏ္ဍမှ အုပ်ချုပ်ရေးကဏ္ဍအပေါ် အာဏာထိန်းကျောင်းမှု

အုပ်ချုပ်ရေးအကြီးအကဲများရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဥပဒေပြဋ္ဌာန်းခြင်းနှင့်စပ်လျဉ်း၍လည်း ကောင်း၊ ဝန်ကြီးဌာနများသတ်မှတ်ခြင်းနှင့် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးအဆင့် ပုဂ္ဂိုလ်များခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ အုပ်ချုပ်ခွင့်အာဏာနှင့်စပ်လျဉ်း၍လည်း ကောင်း၊ အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၄၁၂ အရ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စများတွင်လည်းကောင်း ဥပဒေပြုရေးအဖွဲ့သည် အုပ်ချုပ်ရေး အဖွဲ့အပေါ် အာဏာထိန်းကျောင်းမှုများကို တွေ့ရှိရပါသည်။

အုပ်ချုပ်ရေးအဖွဲ့အပေါ် အုပ်ချုပ်ရေးအကြီးအကဲများရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆ နှင့် ၁၉၉ (က) တို့အရ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော် အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သော်လည်း ပုဒ်မ ၂၀၃ အရ နိုင်ငံတော် သမ္မတသာမက ဒုတိယသမ္မတများသည်လည်း နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စု လွှတ်တော်အား တာဝန်ခံရပါသည်။ ထို့ပြင် ပုဒ်မ ၆၀ အရ နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတများကို ပြည်ထောင်စုလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်ပြီး ပုဒ်မ ၇၁ အရ ယင်းတို့ကို စွပ်စွဲပြစ်တင်ပြီး ပြည်ထောင်စုလွှတ်တော်အကြီးအမှူးသည် ယင်းတို့အားရာထူးမှ ရပ်စဲနိုင်ပါသည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၀၈၊ ၂၀၆ နှင့် ၂၀၉ တို့အရ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ခြင်း၊ သံတမန်အဆက် အသွယ်ဖြတ်တောက်ခြင်းပြုရာ၌ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံ အချင်းချင်းဆိုင်ရာစာချုပ်များကိုချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ စာချုပ် များမှနုတ်ထွက်ခြင်းပြုရာ၌ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်သော်လည်း ကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခွင့်ပြုသော စာချုပ် အမျိုးအစားများကိုသာ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် မလိုဘဲသော်လည်း ကောင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဥပဒေပြဋ္ဌာန်းခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၀၄ နှင့်၂၁၂ တို့အရ နိုင်ငံတော်သမ္မတက ထုတ်ပြန်သော ဥပဒေကဲ့သို့အာဏာတည်သောအမိန့်များသည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရပါသည်။ ထို့ပြင် ပုဒ်မ ၁၀၅ နှင့် ၁၀၆ တို့အရ ပြည်ထောင်စုလွှတ်တော်က

ပြဋ္ဌာန်းသောဥပဒေများကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ရမည်ဖြစ်သော်လည်း လက်မှတ်ရေးထိုးခြင်းမပြုပါကလည်း သတ်မှတ်ကာလပြည့်မြောက်သည့်နေ့ရက်တွင် ယင်းဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့မှတ်ယူရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

ဝန်ကြီးဌာနများသတ်မှတ်ခြင်းနှင့် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်ပုဂ္ဂိုလ်များခန့်အပ်ထားခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၀၂ အရ ပြည်ထောင်စုဝန်ကြီးဌာနများသတ်မှတ်ခြင်း နှင့်ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်ရာတွင်လည်းကောင်း၊ ပုဒ်မ၂၃၂ အရ ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်ရာတွင်လည်းကောင်း၊ ပုဒ်မ ၂၃၇ အရ ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်ရာတွင်လည်းကောင်း၊ ပုဒ်မ ၂၄၂ အရ ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်ရာတွင်လည်ကောင်း၊ ပုဒ်မ ၂၆၁ နှင့် ၂၆၂ တို့အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ ခန့်အပ်ရာတွင်လည်းကောင်း၊ ပုဒ်မ ၂၆၆ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များ ခန့်အပ်ရာတွင်လည်းကောင်း၊ ပုဒ်မ ၂၇၁ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်များ ခန့်အပ်ရာတွင်လည်းကောင်း နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာလွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရပါသည်။ ထို့ပြင် ပုဒ်မ၂၁၃ အရ နိုင်ငံတော်သမ္မတက ဆောင်ရွက်ခွင့်ရှိသည့် နိုင်ငံတော်အား ကျူးကျော်တိုက်ခိုက်မှုများအပေါ် စစ်ရေးအရ အရေးယူခြင်း၊ စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်းတို့တွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရပါသည်။

အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရသည် ပုဒ်မ ၂၂၀ အရ လိုအပ်သောစီမံကိန်းများကို ရေးဆွဲ၍အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရပါသည်။ ပုဒ်မ ၂၂၈ (က)အရ ပြည်ထောင်စုလွှတ်တော်က အခါအားလျော်စွာ ချမှတ်သည့်အုပ်ချုပ်ရေးဆိုင်ရာဆုံးဖြတ်ချက်များကို အုပ်ချုပ်ရေးကဏ္ဍက အကောင်အထည်ဖော်ဆောင်ရွက်ရပြီး မိမိ၏ အရေးယူဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်အစီရင်ခံတင်ပြရပါသည်။ ပုဒ်မ၂၂၈(ခ)အရ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်း၍လည်း ပြည်ထောင်စုလွှတ်တော်သို့ အခါအားလျော်စွာ တင်ပြရပါမည်။ အလားတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပုဒ်မ ၂၅၈ အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အခါအားလျော်စွာချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ အဆင့်ဆင့်ဆောင်ရွက်ရပါသည်။

ပုဒ်မ ၄၁၂ အရ အရေးပေါ်အခြေအနေကြေညာသည့်ကိစ္စများတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေသည့် ကိစ္စအား ပုဒ်မ ၄၁၅ နှင့် ပုဒ်မ ၂၁၂ တို့အရ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပချိန်ဖြစ်လျှင် ယင်းအစည်းအဝေးသို့ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူစေ၍ ဖြစ်စေ အစီရင်ခံ တင်ပြရမည်ဖြစ်ပါသည်။

## ၃.၃.၂။ ဥပဒေပြုရေးကဏ္ဍမှ တရားစီရင်ရေးကဏ္ဍအပေါ် အာဏာထိန်းကျောင်းမှု

တရားရေးရာထူးများ ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ရာထူးမှရပ်စဲခြင်းနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ လုပ်ငန်းတာဝန်များဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ ဥပဒေပြုအဖွဲ့၏ တရားစီရင်ရေးအဖွဲ့အပေါ် အာဏာထိန်းကျောင်းမှုများကို တွေ့ရှိရပါသည်။ တရားရေးရာထူးများခန့်အပ်ခြင်း နှင့်စပ်လျဉ်း၍ ပုဒ်မ ၂၉၉ အရ ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများ ခန့်အပ်ရာ၌ဖြစ်စေ၊ ပုဒ်မ ၃၀၈ အရ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တရားလွှတ်တော် များ၏ တရားသူကြီးချုပ်များနှင့် တရားသူကြီးများခန့်အပ်ရာတွင်ဖြစ်စေ၊ ပုဒ်မ ၃၂၀ နှင့် ၃၂၇ အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်ရာတွင်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ဖြင့် ခန့်အပ်ခြင်းဖြစ်ပါသည်။

ရာထူးမှ ရပ်စဲခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၃၀၂ အရ ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီးချုပ်၊ တရားသူကြီးများနှင့် ပုဒ်မ ၃၃၄ အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို စွပ်စွဲပြစ်တင်ပြီး ရာထူးမှရပ်စဲခြင်းကို ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်နိုင်သကဲ့သို့ ပုဒ်မ ၃၁၁ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ၏ တရားသူကြီးများကို စွပ်စွဲပြစ်တင်ပြီး ရာထူးမှရပ်စဲနိုင်ပါသည်။

လုပ်ငန်းတာဝန်များဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၃၂၂ (ဆ) အရနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေများက ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရပါသည်။

## ၃.၃.၃။ အုပ်ချုပ်ရေးကဏ္ဍမှ ဥပဒေပြုရေးကဏ္ဍအပေါ် အာဏာထိန်းကျောင်းမှု

ဥပဒေပြုအဖွဲ့၏ ဥပဒေပြုလုပ်ငန်းစဉ်၊ နိုင်ငံတော်သမ္မတ၏လုပ်ဆောင်မှုများ၊ အုပ်ချုပ်ခွင့်အာဏာ၊ အရေးပေါ်အခြေအနေကြေညာထားသည့်ကာလတို့နှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးအဖွဲ့၏ ဥပဒေပြုရေးအဖွဲ့အပေါ် အာဏာထိန်းကျောင်းမှုကို တွေ့ရှိရပါသည်။ ဥပဒေပြုအဖွဲ့၏

ဥပဒေပြုလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတသည် ပုဒ်မ ၈၀ (ဃ)နှင့် ၁၀၆ (က) တို့အရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ရပ်အပေါ် သဘောမှတ်ချက်ဖြင့် ပြန်လည်ပေးပို့နိုင်ခြင်း၊ ပုဒ်မ ၁၀၅၊ ၁၀၆ နှင့် ၁၀၇ တို့အရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ရပ်ကို ဥပဒေအဖြစ် လက်မှတ်ရေးထိုးထုတ်ပြန်နိုင်သကဲ့သို့ လက်မှတ်ရေထိုးခြင်းမပြုဘဲလည်း နေခွင့်ရှိခြင်း၊ ပုဒ်မ ၁၀၄၊ ၂၁၂၊ ၄၁၀၊ ၄၁၂၊ ၄၁၇ တို့အရ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်ကို ထုတ်ပြန်နိုင်ခွင့်ရှိခြင်းဟူသော အခွင့်အာဏာများကို ကျင့်သုံးခွင့်ရှိပါသည်။ ထို့ပြင်ပုဒ်မ ၁၀၀ အရ ပြည်ထောင်စုအစိုးရအဖွဲ့ကသာ နိုင်ငံတော်၏အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိပြီး အုပ်ချုပ်ရေးအဖွဲ့သည် ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အခွင့်အာဏာရှိပါသည်။

နိုင်ငံတော်သမ္မတ၏လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၁၀ အရ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်မူဝါဒများနှင့် နိုင်ငံတော်၏အခြေအနေအရပ်ရပ်တို့ကို ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အခါအား လျော်စွာ မိန့်ခွန်းပြောကြားခွင့်၊ သဝဏ်လွှာပေးပို့ခွင့်ရှိပြီး ပုဒ်မ ၂၁၁ အရ ပြည်ထောင်စု လွှတ်တော်အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပရန် ပြည်ထောင်စုလွှတ်တော်ကို အကြောင်းကြားနိုင်ခြင်းနှင့် ပုဒ်မ ၂၁၅ အရ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ မိမိအားအပ်နှင်းထားသည့် တာဝန် နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှု၊ သို့မဟုတ် ကျင့်သုံးဆောင်ရွက်သည့်အနေဖြင့်ပြုခဲ့သော ပြုလုပ်မှုအတွက် မည်သည့်လွှတ်တော်တွင်မှ ဖြေရှင်းရန် တာဝန်မရှိခြင်းကြောင်း တွေ့ရှိရပါသည်။

အုပ်ချုပ်ခွင့်အာဏာနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပုဒ်မ ၂၁၆ အရ ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ပုဒ်မ ၂၄၉ အရ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်များ၊ ပုဒ်မ ၂၇၇ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ကိုယ်ပိုင်အုပ်ချုပ်မှုအာဏာသည် ဇယား-၃ ပါ ဥပဒေပြုခွင့်ရှိသည့်ကိစ္စများနှင့် ပြည်ထောင်စုလွှတ်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က

ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ဒေသဦးစီးအဖွဲ့အား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များတွင် သက်ရောက်ပျံ့နှံ့သည်။

အရေးပေါ်အခြေအနေကြေညာထားသည့်ကာလတွင် နိုင်ငံတော်သမ္မတသည် ပုဒ်မ ၄ဝ နှင့် ၄၁ဝ အရ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စရပ်တွင် ပုဒ်မ၄၁၁ အရ ယင်းအခြေအနေ ပေါ်ပေါက်သောဒေသနှင့်သက်ဆိုင်သည့် ဥပဒေပြုအခွင့်အာဏာကို သုံးစွဲဆောင်ရွက်ခွင့်ရှိခြင်း၊ ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စရပ်တွင် ပုဒ်မ ၄၁၃ အရ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ဥပဒေပြုရေးအာဏာလွှဲအပ်နိုင်ပါသည်။

## ၃.၃.၄။ အုပ်ချုပ်ရေးကဏ္ဍမှ တရားစီရင်ရေးကဏ္ဍအပေါ် အာဏာထိန်းကျောင်းမှု

နိုင်ငံတော်သမ္မတ၏ လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တရားရေးရာထူးများ ခန့်အပ်ခြင်းနှင့် စပ်လျဉ်း၍လည်ကောင်း၊ စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ အရေးပေါ်အခြေအနေကြေညာထားသည့် ကိစ္စရပ်များတွင်လည်းကောင်း အုပ်ချုပ်ရေးအဖွဲ့၏ တရားစီရင်ရေးအဖွဲ့အပေါ် အခွင့်အာဏာ ထိန်းကျောင်းမှုများကို တွေ့ရှိရပါသည်။

နိုင်ငံတော်သမ္မတ၏ လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၁၅ အရ နိုင်ငံတော် သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ မိမိအား အပ်နှင်း ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှု သို့မဟုတ် ကျင့်သုံးဆောင် ရွက်သည့်အနေဖြင့်ပြုခဲ့သော ပြုလုပ်မှုအတွက် မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန် တာဝန် မရှိကြောင်းတွေ့ရှိရပါသည်။

တရားရေးရာထူးများ ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတသည် ပုဒ်မ ၂၉၉ အရ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး များကိုဖြစ်စေ၊ ပုဒ်မ ၃ဝ၈ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများကိုဖြစ်စေ၊ ပုဒ်မ ၃၂၁ နှင့် ၃၂၇ တို့အရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုဖြစ်စေ ရွေးချယ်ခြင်းနှင့် ခန့်အပ်တာဝန်ပေးခြင်းများကို ဆောင်ရွက်သည်။

စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတသည် ပုဒ်မ ၃ဝ၂ အရ ပြည်ထောင်စု တရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများကိုဖြစ်စေ၊ ပုဒ်မ ၃၁၁ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီး

များကိုဖြစ်စေ၊ ပုဒ်မ ၃၃၄ အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုဖြစ်စေ စွပ်စွဲပြစ်တင်ပြီး ရာထူးမှရပ်စဲနိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်စပ်လျဉ်း၍ ပုဒ်မ ၃၂၆ (က) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကဖြစ်စေ၊ ပုဒ်မ ၃၂၆ (ဂ) အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ဒေသဦးစီးအဖွဲ့တို့ကဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းခွင့်ရှိသည်။

အရေးပေါ်အခြေအနေကြေညာထားသည့် ကိစ္စရပ်များတွင် နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပုဒ်မ ၄၁၃ အရ တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များ သတ်မှတ်ပေးနိုင်ပြီး ပုဒ်မ ၄၁၈ အရ တရားစီရင်ရေးအာဏာများ လွှဲအပ်နိုင်ပါသည်။

## ၃.၃.၅။ အပြန်အလှန်အာဏာထိန်းကျောင်းမှုတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အခန်းကဏ္ဍ

နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီးတို့ဖြင့် ဖွဲ့စည်းပါသည်။[၂၄]

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အရေးပေါ်အခြေအနေကြေညာထားသည့် ကိစ္စရပ်များတွင် ပုဒ်မ ၄၁၇ အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များ ဖွဲ့စည်းခြင်းမပြုနိုင်သေးမီ ဥပဒေပြုရေးအာဏာကိုလည်းကောင်း၊ ပုဒ်မ ၄၂၇အရ တရားစီရင်ရေးအာဏာကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတအမည်ဖြင့် ကျင့်သုံးဆောင်ရွက်ရန် အခွင့်အာဏာရှိပါသည်။[၂၅]

## ၃.၃.၆။ တရားစီရင်ရေးကဏ္ဍမှ ဥပဒေပြုရေးကဏ္ဍအပေါ် အာဏာထိန်းကျောင်းမှု

တရားစီရင်ရေးဆိုင်ရာဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြဋ္ဌာန်းထားသောဥပဒေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်

---

[၂၄] ပုဒ်မ ၂၀၁၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)။

[၂၅] ပုဒ်မ ၄၃၁၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)။

အငြင်းပွားမှုများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ဆုံးဖြတ်ခြင်းတို့နှင့်စပ်လျဉ်း၍ တရားစီရင်ရေးအဖွဲ့၏ ဥပဒေပြုရေးအဖွဲ့အပေါ် အခွင့်အာဏာထိန်းကျောင်းမှုများကို တွေ့ရှိရပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

တရားစီရင်ရေးဆိုင်ရာဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၉၈ အရ ပြည်ထောင်စု တရားသူကြီးချုပ်သည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသား လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော် သို့မဟုတ် အများပြည်သူတို့နှင့် သက်ဆိုင်သည့် အရေးကြီးသော တရားစီရင်ရေးဆိုင်ရာအခြေအနေကို အခါအားလျော်စွာ တင်ပြနိုင်သည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၆ နှင့် ၃၂၂ တို့အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်နိုင်သည်။ ထို့ပြင် ပြဋ္ဌာန်းထားသောဥပဒေများ နှင့်စပ်လျဉ်း၍ ပုဒ်မ ၃၂၂ (ခ) အရ တရားရုံးကအမှုစစ်ဆေးရာ၌ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှု ရှိ-မရှိ၊ ညီညွတ်မှု ရှိ-မရှိ အငြင်းပွားမှု ပေါ်ပေါက်ပါက ထိုအငြင်းပွားမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက တစ်စုံတစ်ရာဆုံးဖြတ်ချက်ချမှတ်ထားခြင်းမရှိသေးလျှင် မိမိ၏ထင်မြင်ချက်ကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ခုံရုံးသို့တင်ပြ၍ အဆုံးအဖြတ်ရယူနိုင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အငြင်းပွားမှုများကို အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းနှင့် ဆုံးဖြတ်ခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး သည် ပုဒ်မ ၄၆ နှင့် ပုဒ်မ ၃၂၂(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပြီး ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ် အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ် အချင်းချင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချင်းချင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွားမှုကို ဆုံးဖြတ်နိုင်သည်။

**၃.၃.၇။ တရားစီရင်ရေးအဖွဲ့မှ အုပ်ချုပ်ရေးအဖွဲ့အပေါ် အာဏာထိန်းကျောင်းမှု**

တရားစီရင်ရေးအပိုင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊

စီရင်ပိုင်ခွင့်နှင့်စပ်လျဉ်း၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာပိုင်များ လုပ်ဆောင်ချက်နှင့် စပ်လျဉ်း၍လည်းကောင်း တရားစီရင်ရေးအဖွဲ့၏ အုပ်ချုပ်ရေးအဖွဲ့အပေါ် အခွင့်အာဏာ ထိန်းကျောင်းမှုများကို တွေ့ရှိရပါသည်။

တရားစီရင်ရေးအပိုင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပုဒ်မ ၁၉ (က) အရ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ခွင့် အာဏာရှိပြီး ပုဒ်မ ၁၈ (ဂ)နှင့် ၂၉၆ (က) တို့အရ အုပ်ချုပ်ရေးအာဏာပိုင်များသို့ သက်ဆိုင်သည့်ကိစ္စများကို လုပ်ဆောင်ရန် စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့်အာဏာရှိပါသည်။ စာချွန်တော်အမှုများ၌ ပြည်ထောင်စု ရှေ့နေချုပ်ရုံးသည် ရုံးတော်သဟာယအနေဖြင့်သာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ(နစ်ဘက်အမှုသည်များ)သည် ရှေ့နေများငှားရမ်း၍ လျှောက်လဲ ခုခံချေပခွင့်ရှိသည်။ ထိုသို့ဆောင်ရွက်ရာ၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် အုပ်ချုပ်ရေး ကဏ္ဍတွင် ပါဝင်သော်လည်း အုပ်ချုပ်ရေးကဏ္ဍရှိ ပြည်ထောင်စုဝန်ကြီးဌာနများကို ကိုယ်စားပြု ခြင်းမရှိဘဲ ရုံးတော်သဟာယအဖြစ်သာ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်ကိုကိုယ်စားပြုသည့် ဥပဒေကြောင်းအရသာ ရပ်တည်၍ တင်ပြသည်ကို လေ့လာတွေ့ရှိရပါသည်။[၂၆]

စီရင်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပုဒ်မ ၂၉၅ အရ ပြည်ထောင်စုနိုင်ငံတော်က ချုပ်ဆိုသော ပြည်ထောင်အချင်းချင်းဆိုင်ရာ စာချုပ်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်း ဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရတို့အကြား ဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများကိုလည်းကောင်း၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ် အချင်းချင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချင်းချင်း၊ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အချင်းချင်းတို့အကြားဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများကိုလည်းကောင်း စီရင်ပိုင်ခွင့်အာဏာ ရှိပါသည်။

အုပ်ချုပ်ရေးအာဏာပိုင်များလုပ်ဆောင်ချက်နှင့်စပ်လျဉ်း၍ ပုဒ်မ ၄၆ နှင့် ၃၂၂ (ဂ) တို့အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ် များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက် ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်နိုင်ပါသည်။ ထို့ပြင် ပုဒ်မ ၃၂၂ (င) အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်

[၂၆] ဒေါက်တာဒေါ်ကျင်ဌေးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန(မ/တွေလျှောက်ထားမှုအမှတ်–၂၉၀/၂၀၁၃)

ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု တို့၏ အခွင့်အရေး၊ တာဝန်များနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ဆုံးဖြတ်နိုင်ပါသည်။

## ၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀ဝ၈ခုနှစ်)အား ဖက်ဒရယ်လက္ခဏာရပ်များဖြင့် လေ့လာဆန်းစစ်ခြင်း

### ၄.၁။ ဖက်ဒရယ်စနစ်၏ သွင်ပြင်လက္ခဏာရပ်များ

ဖက်ဒရယ်စနစ်ဆိုသည်မှာ ဗဟိုနှင့်အခြားဒေသဆိုင်ရာအဆင့်များအကြား အချုပ်အခြာအာဏာခွဲဝေကျင့်သုံးမှုကို အခြေခံသည့်နယ်မြေများအလိုက် အာဏာခွဲဝေကျင့်သုံးမှုစနစ်ဖြစ်သည်။ သီးခြားဖက်ဒရယ်နိုင်ငံရေးပုံစံများအဖြစ် ဖက်ဒရယ်စနစ်၏ လက္ခဏာရပ်များတွင် အောက်ဖော်ပြပါအချက်များ ပါဝင်ကြောင်း လေ့လာတွေ့ရှိရပါသည်−

(က) နိုင်ငံ၏ အမြင့်ဆုံးဖြစ်သည့် စာဖြင့်ရေးသားထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်ရှိရမည်ဖြစ်ပြီး အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ဘက်သတ် ပြင်ဆင်၍မရရှိဘဲ တိုင်းပြုပြည်ပြုလွှတ်တော်များ သို့မဟုတ် အဖွဲ့အစည်းများ၏ များရာဆန္ဒမဲများဖြင့်သာ ပြင်ဆင်ရန် လိုအပ်ပါသည်။

(ခ) အနည်းဆုံးအစိုးရနှစ်ရပ်ပါရှိရမည်ဖြစ်ပြီး အစိုးရတစ်ရပ်မှာ ဗဟိုအတွက် ဖြစ်၍ အခြားအစိုးရတစ်ရပ်မှာ နိုင်ငံသားများအပေါ် တိုက်ရိုက်ဆောင်ရွက်ခွင့်ရှိသော ဒေသဆိုင်ရာအဖွဲ့အစည်းများဖြစ်ရမည်။

(ဂ) အုပ်ချုပ်ရေးနှင့်ဥပဒေပြုရေးအာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဖြန့်ခွဲထားမှုနှင့် အစိုးရနှစ်ရပ်အကြား အခွန်နှင့်သယံဇာတများ ခွဲဝေထားမှုပုံစံ များပါရှိရမည်။

(ဃ) ဖက်ဒရယ်ဆိုင်ရာမူဝါဒများ ပြုလုပ်အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများအတွင်း သိသာထင်ရှားသော ဒေသဆိုင်ရာအမြင်များ ဖြစ်ပေါ်စေရန် ကိုယ်စားပြုမှုသတ်မှတ်ချက်များနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ ပါဝင်မှုရှိရမည်။

(င) ခုံသမာဓိလူကြီးများ (umpire) ပါဝင်ရမည်။

(စ) အစိုးရအချင်းချင်းပူးပေါင်းဆောင်ရွက်ရာတွင် အဆင်ပြေစေရန်နှင့် လစ်လပ်မှု မရှိစေရေးအတွက် လုပ်ဆောင်ချက်များ၊ အဖွဲ့အစည်းများ ပါရှိရမည်။[၂၇]

## ၄.၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ ဖက်ဒရယ်စနစ်ဆိုင်ရာလက္ခဏာရပ်များ

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် သမ္မတစနစ်ကျင့်သုံးသော အခြေခံဥပဒေ စနစ်များနှင့် ဖက်ဒရယ်စနစ်ကျင့်သုံးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ လက္ခဏာရပ်များကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်–[၂၈]

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စာဖြင့်ရေးသားထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်) တစ်ရပ်ရှိပြီး အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေအား လွှတ်တော်ကိုယ်စားလှယ်များ၏ ၇၅ ရာခိုင်နှုန်းကျော်ထောက်ခံချက်ဖြင့်လည်း ကောင်း၊ ယင်း ၇၅ ရာခိုင်နှုန်းကျော်ထောက်ခံချက်အပြင် လူထုဆန္ဒခံယူပွဲကျင်းပ ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်လည်းကောင်း ပြင်ဆင်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) နိုင်ငံတော်တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စုများဟူ၍ ပိုင်းခြားထားရှိပါသည်။ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု များထံသို့ ခွဲဝေအပ်နှင်းထားပါသည်။ ဥပဒေပြုရေးအာဏာကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဇယား(၁) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်ထောင်စုက လည်းကောင်း၊ ဇယား(၂)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်းကောင်း၊ ဇယား(၃)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကလည်းကောင်း ခွဲဝေကျင့်သုံးနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရား လွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတရားရုံးများအပါအဝင် အဆင့်ဆင့်သောတရားရုံးများကို ခွဲဝေအပ်နှင်းထားပါသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွားမှုများ၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး

[၂၇] Krishna Belbase, Federalism in Nepal: Issues and Challenges, p 1.

[၂၈] ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန်အတွဲ(၂)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး(၂၀၂၁)၊ စာ ၃၂၈။

ကဏ္ဍတို့အကြား အငြင်းပွားမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတစ်ရုံးကိုလည်း တည်ထောင်ထားရှိပါသည်။

(ဂ) အခွန်အခကောက်ခံခြင်းနှင့်စပ်လျဉ်း၍လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကောက်ခံခွင့်ရှိသော အခွန်အခများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား(၅) တွင် ထည့်သွင်းဖော်ပြထားပါသည်။

(ဃ) နိုင်ငံတော်၏ အချုပ်အခြာအာဏာအား ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ ကျင့်သုံး ဆောင်ရွက်သော်လည်း ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတော်အား ပြည်ထောင်စု၏ အခြေခံသဘောတရားများကို ထိန်းသိမ်းနိုင်ရေး အတွက် "နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည် ထောင်စုနယ်မြေများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ"[၂၉] ဟူသောအချက်အား ထည့်သွင်းပြဋ္ဌာန်းထားသည့် အပြင် အခြေခံမူများဖြစ်သည့် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"[၃၀]ဟူသော အချက် (၃)ချက်သည် နိုင်ငံတော်၏အခြေခံကျသည့် တည်ဆောက်မှု(Basic Structure) ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

အဆိုပါဖော်ပြချက်များသည် ကမ္ဘာပေါ်ရှိ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တည်ထောင်ထားသောနိုင်ငံများ၏ အခြေခံဥပဒေများတွင် ဖော်ပြပါရှိလေ့ရှိပါသည်။ အဆိုပါမူ များကို ပြင်ဆင်ရန်မလွယ်ကူသော (unamendable Clause)အဖြစ် သတ်မှတ်ထားလေ့ရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။ အကြောင်းရင်းမှာ ပြည်ထောင်စုစနစ် တစ်စုတစ်စည်း တည်း တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ကမ္ဘာ့ဖွဲ့စည်းပုံအခြေခံဥပဒေများ၌ ပညာရှင်များ၏ စာတမ်းများတွင် လေ့လာတွေ့ရှိရပါသည်။[၃၁]

## ၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏အခန်းကဏ္ဍ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ လည်းကောင်း၊ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ ဖွဲ့စည်းပုံ

[၂၉] ပုဒ်မ ၁၀ ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)။

[၃၀] ပုဒ်မ ၆ ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)။

[၃၁] Yaniv Roznai, Unconstitutional Constitutional Amendments: A Study of the Nature and Limits of Constitutional Amendment Powers, the London School of Economics and Political Science (2014), p 44.

အခြေခံဥပဒေဆိုင်ရာအငြင်းပွားမှုများ ပေါ်ပေါက်လာပါက ဖြေရှင်းဆောင်ရွက်ရန် သီးခြား တရားရုံး သို့မဟုတ် အဖွဲ့အစည်းများကို ဖွဲ့စည်းထားခြင်းမရှိဘဲ တရားလွှတ်တော်ချုပ် သို့မဟုတ် တရားရုံးချုပ်ကသာလျှင် ဆုံးဖြတ်ခဲ့ပါသည်။

သို့ရာတွင် ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းဝေးက အခြေခံမူ ၁၀၄ ချက်ကို ချမှတ်ခဲ့ရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအား အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ လွှတ်တော်များက ပြဋ္ဌာန်းသည့်ဥပဒေများ သည် လည်းကောင်း၊ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု များ၏ အုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည်လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်ခြင်း၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု အချင်းချင်း အကြား ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံး ဖြတ်ခြင်းနှင့် အခြေခံဥပဒေက အပ်နှင်းထားသည့် အခြားသောတာဝန်များကို ဆောင်ရွက်ခြင်း တို့ကို ပြုနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဖွဲ့စည်းရေးနှင့်စပ်ဆိုင်သည့် အခြေခံမူကို အမျိုးသားကိုယ်စားလှယ်အစုအဖွဲ့ (၈) ဖွဲ့ ကိုယ်စားလှယ်အားလုံးက အညီအညွတ်သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်း အဝေးက“နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး” ဖွဲ့စည်းရေး၊ အဖွဲ့ဝင်အရည် အချင်း၊ ခုံရုံးသက်တမ်း၊ အဖွဲ့ဝင်အပေါ်စွပ်စွဲပြစ်တင်ခြင်း၊ သဘောထားရယူရန်ကိစ္စများကို သတ်မှတ် ထားသည့်နည်းလမ်းနှင့်အညီသာ တင်သွင်းခွင့်ရရှိစေရေးစသည့် ခုံရုံးနှင့်စပ်လျဉ်းသော အသေးစိတ်အခြေခံရသည့် မူများကို ချမှတ်ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ရေးဆွဲရေး ကော်မရှင်သည် ၁၆-၉-၁၉၉၃ တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ် ခဲ့သော “နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဖွဲ့စည်းရေး” နှင့်စပ်ဆိုင်သည့် အခြေခံမူ အား “အခန်း(၁)၊ အခြေခံမူများအခန်း ပုဒ်မ ၄၆” တွင်လည်းကောင်း၊ ၂-၈-၂၀၀၇ ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့သည့် “နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်၊ ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု၊ အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားရယူရန် တင်သွင်းခြင်း၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား စွပ်စွဲပြစ်တင်ခြင်း၊ ရာထူးသက်တမ်း”

စသည်တို့နှင့်စပ်လျဉ်း၍ အသေးစိတ်ပြဋ္ဌာန်းချက်များကို "အခန်း(၆)၊ တရားစီရင်ရေးအခန်း ပုဒ်မ ၃၂၀မှ ၃၃၆ ပါ ပြဋ္ဌာန်းချက်များအဖြစ်လည်းကောင်း ထုံးနည်းတကျရေးသား ပြဋ္ဌာန်းခဲ့သည်။

## ၅.၁။ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၀ အရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ခုံရုံး၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်သက်တမ်းနှင့်အညီ (၅)နှစ် ဖြစ်သည်။

နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့်အဖွဲ့ဝင်(၃)ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် (၃)ဦး စုစုပေါင်းအဖွဲ့ဝင်(၉)ဦး၏အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်း၍ ရွေးချယ်သည့် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက်ရယူရမည်။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အား ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရသည်။

## ၅.၂။ စီရင်ပိုင်ခွင့်အာဏာ

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၂ အရ ခုံရုံး၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအား အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိစိစစ်ခြင်း၊

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု များ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိစိစစ်ခြင်း၊

(ဃ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြားသော်လည်းကောင်း၊ ပြည်ထောင်စုနှင့် ပြည်နယ်များအကြားသော်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား

သော်လည်းကောင်း၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်၊ တိုင်းဒေသကြီး (သို့) ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအကြားသော်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအချင်းချင်းသော်လည်းကောင်းဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) ပြည်ထောင်စုနယ်မြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေများက ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။[32]

## ၅.၃။ တင်သွင်းခွင့်ရှိသူများ

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၂၅ အရ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိသည်။[33]

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၂၆ အရ တိုင်းဒေသကြီး (သို့) ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး (သို့) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့(သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် (သို့) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံး၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်းအရေအတွက်ရှိသော ကိုယ်စားလှယ်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စရပ်များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ တင်သွင်းခွင့်ရှိသည်။[၃၄]

## ၅.၄။ ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ၃၂၄အရ ခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။ ခုံရုံးကချမှတ်သော ဆုံးဖြတ်ချက်များ၊ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊

[၃၂] ပုဒ်မ ၃၂၂၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)။
[၃၃] ပုဒ်မ ၃၂၅၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)။
[၃၄] ပုဒ်မ ၃၂၆၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)။

သဘောထားများကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေငြာရမည်ဖြစ်ပြီး စီရင်ထုံးအဖြစ် ကိုးကားအသုံးပြုနိုင်ရန် စုစည်း၍ ပုံနှိပ်ထုတ်ဝေရသည်။[၃၅]

## ၅.၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအမှုများကို လေ့လာခြင်း

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်ပါ (၂၃) ဦးက (၃-၁၁-၂၀၁၁) ရက်နေ့တွင် "ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၄ (ဂ) တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးစာရင်း၌ တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးကို ထည့်သွင်းမထားခြင်းနှင့် ယင်းဥပဒေပုဒ်မ ၅ တွင် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများနှင့် တစ်တန်းတစ်စားတည်း ပြဋ္ဌာန်းထားကြောင်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ အဆောင်အယောင်များကို အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ၏အဆင့်ထက်နိမ့်ကျခံစားခွင့် ပြဋ္ဌာန်းထားခြင်းသည် မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ၂၆၃၊ ၂၆၄ တို့နှင့် ညီညွတ်မှု ရှိ/မရှိ"[၃၆] ကို အဆုံးအဖြတ်ပေးပါရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းခြင်း ဖြစ်ပါသည်။

အဆိုပါတင်သွင်းလွှာနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ (င)၊ (စ) နှင့် (ဆ) ပြဋ္ဌာန်းချက်များတွင်လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ (ဇ) ပြဋ္ဌာန်းချက်တွင် လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) ပြဋ္ဌာန်းချက်တွင်လည်း ကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) ပြဋ္ဌာန်းချက်တွင်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် အတိအလင်းပြဋ္ဌာန်း သတ်မှတ်ထားသည့်အပြင် အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ထားသည့် အသေးစိတ်အခြေခံမူများရှိနေပြီးဖြစ်ပါလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ ပုဒ်မ ၅ နှင့် ပုဒ်မ ၁၇ တို့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများနှင့် မတူခွဲခြားကာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၏ ခံစားခွင့်ကို သီးခြားပြဋ္ဌာန်းသတ်မှတ်ထားခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိမည် မဟုတ်ကြောင်း"နှင့် "တိုင်းဒေသကြီး သို့မဟုတ်

[၃၅] ပုဒ်မ ၃၂၄၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)။

[၃၆] ၂၀၁၁ ခုနှစ်၊ ဆုံးဖြတ်ချက်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး(၂၀၁၂ ခုနှစ်)၊ စာ၃၇။

ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ ပုဒ်မ ၅ နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၆၂ ပါ ပြဋ္ဌာန်းချက်များ အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆို ဆုံးဖြတ်လိုက်သည်”[၃၇] ကို လေ့လာတွေ့ရှိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်လျက်ရှိပြီး အဆိုပါတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံပေးထားကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက အတိအလင်းအနက် အဓိပ္ပာယ်ဖွင့်ဆိုဆုံးဖြတ်ထားသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ အခြေခံမူများတွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့၏ ဥပဒေပြုရေးကဏ္ဍ[၃၈] တွင်လည်းကောင်း၊ အုပ်ချုပ်ရေးကဏ္ဍ[၃၉]တွင်လည်းကောင်း တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များကို ပါဝင်ခွင့်ပြုထားပါသည်။ ထိုသို့ ပြဋ္ဌာန်းထားခြင်းသည် ဖက်ဒရယ်စနစ်၏သွင်ပြင်လက္ခဏာများဖြစ်သော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများနှင့် ရပိုင်ခွင့်များကို အလေးထားသည့်အပြင် နိုင်ငံတော်၏ အခြေခံမူများအနက်တစ်ခုဖြစ်သော “တိုင်းရင်းသားစည်းလုံးညီညွတ်မှု” ကို အားဖြည့်ပေးထားပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဖွဲ့စည်းမှုရည်ရွယ်ချက်ကို ခိုင်မာစေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## ၆။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ အခန်း(၁၂) တွင် ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၃ အရ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် တင်သွင်းသောအဆိုကို ဥပဒေကြမ်းအဖြစ်ဖြင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းက ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်ဖြစ်ပါသည်။[၄၀]

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) ပုဒ်မ ၁ မှ ၄၈ ထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ ထိ၊

---

[၃၇] ၂၀၁၁ ခုနှစ်၊ ဆုံးဖြတ်ချက်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး(၂၀၁၂ ခုနှစ်)၊ စာ၆၂။

[၃၈] ပုဒ်မ ၁၅၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)။

[၃၉] ပုဒ်မ ၁၇(ဂ)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)။

[၄၀] ပုဒ်မ ၄၃၃၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)။

အခန်း(၃) ပုဒ်မ ၅၉၊ ၆၀၊ အခန်း(၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅) ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊ အခန်း(၁၁) ပုဒ်မ ၄၁၀ မှ ၄၃၁ ထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်၏ ကိုယ်စားလှယ် အားလုံး၏ ၇၅ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဖြစ်ပြီး အဆိုပါပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံ ဆန္ဒမဲဖြင့်သာ ပြင်ဆင်နိုင်ကြောင်း တွေ့ရှိရပါသည်။[၄၁]

ထို့ကြောင့်ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို လွှတ်တော်ကိုယ်စားလှယ်များ၏ ၇၅ ရာခိုင်နှုန်းကျော်ထောက်ခံချက်ဖြင့် ပြင်ဆင်နိုင်သည့်အချက်များနှင့် ယင်း၇၅ရာခိုင်နှုန်းကျော် ထောက်ခံချက်အပြင် လူထုဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် ပြင်ဆင်နိုင်သည့်အချက်များဟူ၍ အပိုင်းနှစ်ပိုင်းခွဲခြားထားရှိခြင်းသည် အခြားသော ဖက်ဒရယ်စနစ်ကို ကျင့်သုံးသည့် နိုင်ငံများကဲ့သို့ ပြည်ထောင်စု၏ အခြေခံသဘောတရားများ ကို ထိန်းသိမ်းထားရှိခြင်းဖြစ်ပါသောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည် ပြင်ဆင်ရန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေ (Rigid Constitution) တစ်ခုဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဗြိတိသျှကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ပြီး Common Law Legal System ကို ကျင့်သုံးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်မှုများသည် ရှေးယခင်ကတည်းကပင် တည်ရှိခဲ့ပြီး အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက် လျက်ရှိပြီး သက်ဆိုင်ရာပြည်တွင်းဥပဒေများ ပြဋ္ဌာန်း၍ လိုက်နာကျင့်သုံးသည့်စနစ်(Dualistic Theroy) ကို ကျင့်သုံးလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစနစ်ကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် နိုင်ငံတော်၏ အချုပ်အခြာအာဏာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများကို

[၄၁] ပုဒ်မ ၄၃၆ ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)။

တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်အချင်းချင်းထိန်းကျောင်းလျက်ရှိပါသည်။ နိုင်ငံတော်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများဖြင့် ဖွဲ့စည်းတည်ထောင်ထားရှိပြီး ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာများအား အတတ်နိုင်ဆုံး ဗဟိုချုပ်ကိုင်မှု လျော့ချထားသည်ကို တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များ၊ ပြည်နယ်လွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု များက ပြဋ္ဌာန်းသည့် ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိ-မရှိ စိစစ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွားမှုများကို ဆုံးဖြတ်ပေးခြင်းတို့ကို ဆောင်ရွက်ရန် အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတစ်ရုံးကို ဖွဲ့စည်းတည်ထောင်ထားရှိ ကြောင်းကိုလည်း လေ့လာတွေ့ရှိပါသည်။

ထို့ပြင် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာတွင် ပြင်ဆင်နိုင်သည့် ပြဋ္ဌာန်းချက် များကို လွှတ်တော်ကိုယ်စားလှယ်များ၏ ၇၅ ရာခိုင်နှုန်းကျော်ထောက်ခံချက်ဖြင့် ပြင်ဆင်နိုင် သည့် အချက်များနှင့် ယင်း ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံချက်အပြင် လူထုဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် ပြင်ဆင်နိုင်သည့်အချက်များဟူ၍ အပိုင်းနှစ်ပိုင်းခွဲခြား ပြဋ္ဌာန်းထားသောကြောင့် ပြည်ထောင်စု(Basic Structure)၏ အခြေခံ သဘောတရားများကို မပျက်ယွင်းစေဘဲ ထိန်းသိမ်းထားရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) သည် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းနှင့် အဆိုပါဖွဲ့စည်းပုံတွင် ဖက်ဒရယ်စနစ်၏ သွင်ပြင်လက္ခဏာရပ်များ ပါဝင်လျက်ရှိပါကြောင်း သုံးသပ်တွေ့ရှိရပါသည်။

# ကိုးကားသည့်စာရွက်စာတမ်းများ

၁။ The Government of Burma Act (1935) ။

၂။ ဗမာနိုင်ငံတော်အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေ(၁၉၄၃ ခုနှစ်) ။

၃။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၄၇ ခုနှစ်) ။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄ ခုနှစ်) ။

၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ။

၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ(၂၀၁၅ ခုနှစ်)။

၇။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဂျာနယ်အမှတ်(၃)၊နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (၂၀၁၈ ခုနှစ်) ။

၈။ မြန်မာနိုင်ငံအခြေခံဥပဒေမြစ်ဖျားများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (၂၀၁၉ခုနှစ်) ။

၉။ ၂၀၁၁ ခုနှစ်၊ ဆုံးဖြတ်ချက်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (၂၀၁၂ ခုနှစ်)

၁၀။ ငြိမ်းချမ်းရေးနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ မြန်မာ့ရေးရာ (အမှတ် ၁၁၊ ဧပြီ ၂၀၁၉ ခုနှစ်)။

၁၁။ ကမ္ဘာ့နိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန်အတွဲ(၂)၊နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး(၂၀၂၁ခုနှစ်) ။

၁၂။ နိုင်အောင်လင်း၊ မြန်မာနိုင်ငံခေတ်မီတိုးတက်ဖွံ့ဖြိုးမှု၏စိန်ခေါ်ချက်များနှင့် အခွင့်အလမ်းများ၊ မိုးမြင့်ကြယ်စာပေ (၂၀၁၃) ။

၁၃။ https://myanmar.gov.mm/my/geography .

၁၄။ W. Elliot Bulmer, a– new–constitution– for– Myanmar, International IDEA (2022).

၁၅။ David I. Steinberg, Burma/ Myanmar what Everyone Needs to Know, Myanmar Book Center (2015).

၁၆။ Krishna Belbase, Federalism in Nepal: Issues and Challenges.

၁၇။ Yaniv Roznai, Unconstitutional Constitutional Amendments: A Study of the Nature and Limits of Constitutional Amendment Powers, the London School of Economics and Political Science (2014)